# ကြေးမုံ

The Mirror

Established in 1957

၁၃၇၆ ခုနှစ်၊ ပြာသိုလဆန်း ၄ ရက်၊ ဗုဒ္ဓဟူးနေ့၊ (24-12-2014) (၈၀၆၄)


## မိတ်ဆွေစစ်(၄)မျိုး

(၁) မိမိအားကျေးဇူးပြုသူ မိတ်ဆွေစစ်၊

(၂) ချမ်းသာဆင်းရဲ အတူဖြစ်သူ မိတ်ဆွေစစ်၊

(၃) အကျိုးစီးပွားကို ညွှန်ပြတတ်သော ဆရာနှင့်တူသူ မိတ်ဆွေစစ်၊

(၄) ညာညာတာတာ စောင့်ရှောက်တတ်သူ မိတ်ဆွေစစ်။

## စစ်ကိုင်းတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**(အမိန့်အမှတ်၊ ၂၈/၂၀၁၄)**
**၁၃၇၆ ခုနှစ်၊ ပြာသိုလဆန်း ၃ ရက်**
**(၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်)**

**စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၈၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၄)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၈၂၊ ပုဒ်မခွဲ (ဃ)၊ ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၅၀ နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ အဖွဲ့ဥပဒေပုဒ်မ ၁၈၊ ပုဒ်မခွဲ (ဃ)တို့ပါ ပြဋ္ဌာန်းချက်များအရ ရှမ်းပြည်နယ်တရားလွှတ်တော်၊ ပြည်နယ် တရားရေးဦးစီးမှူး ဒေါ်ချယ်ရီကြည်အား စစ်ကိုင်းတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**(ပုံ)သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**



**သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း အုပ်ချုပ်ရေးပိုင်းဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ နိုင်ငံ့ဝန်ထမ်းများနှင့် တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

# ဝန်ထမ်းများအတွက် ဝင်ငွေစုဆောင်းသည့် ရန်ပုံငွေစနစ်ထူထောင်ပြီး ကိုယ်ပိုင်အိမ်ရာရရှိရေး၊ ပညာရေး၊ ကျန်းမာရေး ကုန်ကျစရိတ်များကျခံရေး ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း ရှင်းလင်းပြောကြား

**နေပြည်တော် ဒီဇင်ဘာ ၂၃**

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းသည် ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော် မြို့တော်ခန်းမရှိ အစည်းအဝေးခန်းမ၌ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ နိုင်ငံ့ဝန်ထမ်းများနှင့် တွေ့ဆုံပွဲအခမ်း အနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ ဦးစိုးသိန်း၊ ဦးတင်နိုင် သိန်းနှင့် ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက် ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက နိုင်ငံတော်အစိုးရ အနေဖြင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များကို တစ်ဆင့်ပြီး တစ်ဆင့် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယနေ့ ဒီမိုကရေစီအစိုးရသစ်၏ ဖြတ်သန်းခဲ့သည့် အခြေအနေများကို ကြည့်မည်ဆိုပါ က ထူးခြားသည့် အခြေအနေများအဖြစ် နိုင်ငံရေးစနစ်ဟောင်းတစ်ခုမှ ဒီမိုကရေစီစနစ်ဆီသို့ ကူးပြောင်းကျင့်သုံးနေသော အကူးအပြောင်းကာလကို ဖြတ်သန်းနေခြင်းဖြစ်ကာ မိဘပြည်သူများ၏ အကျိုးစီးပွားကိုရှေးရှုပြီး စိန်ခေါ် မှုများစွာကိုလည်း အောင်မြင်စွာကျော်ဖြတ်ခဲ့သည်ကို တွေ့ကြရမည်ဖြစ်ပါ ကြောင်း၊ နိုင်ငံတကာတွင်လည်း မြန်မာနိုင်ငံအစိုးရ၏ ပြုပြင်ပြောင်းလဲမှုများကို အသိအမှတ်ပြုခံရပြီး အစိုးရအဖွဲ့ခေါင်းဆောင်ဖြစ်သည့် နိုင်ငံတော်သမ္မတကို လည်း ပြုပြင်ပြောင်းလဲရေး အမှတ်အသားတစ်ခုအနေဖြင့်ပင် သတ်မှတ်ခံရသည် အထိ အောင်မြင်ခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း။

> **"နိုင်ငံ့ဝန်ထမ်းအင်အားသည် တစ်တိုင်းပြည်လုံး၏ နှစ်ရာခိုင်နှုန်းသာရှိပြီး ကျန်ကိုးဆယ့်ရှစ်ရာခိုင်နှုန်းမှာ ပြည်သူများဖြစ်သည့်အတွက် ကုန်ဈေးနှုန်းတက်လျှင် ခံစားရမည့်သူမှာ ပြည်သူပင်ဖြစ်သည့်အတွက် စာနာဖို့လို"**

ယင်းသို့ အောင်မြင်စေရန် ဆောင်ရွက်သည့်နေရာတွင် နိုင်ငံ့ဝန်ထမ်း များ၏ ကြိုးပမ်းအားထုတ်မှုကိုလည်း ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့အစိုးရ အနေဖြင့် အုပ်ချုပ်ရေးယန္တရားတိုးတက်ကောင်းမွန်လာစေရန်အတွက် ပြုပြင် ပြောင်းလဲမှုနှင့်စပ်လျဉ်းပြီး ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်ရှိသည့် သန့်ရှင်း သော အစိုးရဖြစ်ရန်ဆောင်ရွက်သည့်နေရာတွင် ပြည်သူများ၏ လူမှုစီးပွား လိုအပ်ချက်များကို အဓိကထားဖြည့်ဆည်းပေးနိုင်ရန်အတွက် ရည်ရွယ်ကာ ဦးစားပေးလုပ်ငန်းစဉ်(၇) ရပ်အဖြစ် **စာမျက်နှာ ၉ ကော်လံ ၁ သို့** ☆


# နိုင်ငံရပ်ခြားစွန့်စားလုပ်ကိုင်ကြသူ မြန်မာများ အခက်အခဲကြုံက အကူအညီတောင်းနိုင်

မေသက်ကြိုင်(ကြေးမုံ)

**နေပြည်တော် ဒီဇင်ဘာ ၂၃**

ယနေ့ခေတ်တွင် လူနေမှုအဆင့်အတန်းများ၊ နည်းပညာများ ပိုမိုတိုးတက် လာသကဲ့သို့ တစ်ဖက်တွင်လည်း မပြောင်းလဲသော ဆိုးကျိုးအချို့ကျန်ရှိနေ ပေသည်။ ယင်းမပြောင်းလဲမှုဆိုးကျိုးများတွင် လူကုန်ကူးခံရခြင်း၊ လုပ်အား ခေါင်းပုံဖြတ်ခံရခြင်းသည်လည်း ထိပ်တန်းမှပါဝင်နေသည်။ မိသားစု စားဝတ် နေရေးအတွက် နိုင်ငံရပ်ခြားသို့ စွန့်စားသွားရောက်လုပ်ကိုင်နေကြသော မြန်မာ လုပ်သားများသည် လုပ်အားခေါင်းပုံဖြတ်ခံရခြင်းများနှင့် ကြုံတွေ့နေရသည့် ဖြစ်ရပ်များအပေါ် ကူညီစောင့်ရှောက်ပေးနိုင်ရန် အခြားနိုင်ငံရှိအဖွဲ့အစည်း များနှင့် ပူးပေါင်းကြိုးပမ်းလျက်ရှိကြောင်း မြန်မာနိုင်ငံ လူကုန်ကူးမှုတားဆီး ကာကွယ်နှိမ်နင်းရေးရဲတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အခမ့်ထိမ်းမြားလက်ထပ်ခံရခြင်း၊ လုပ်အားခေါင်းပုံဖြတ်ခံရခြင်းနှင့် လူကုန်ကူးခံရခြင်းဖြစ်ရပ်များသည် မကြာခဏဖြစ်ပေါ်လျက်ရှိသည်။ လက်ရှိတွင် မြန်မာရေလုပ်သားအများစု ကြုံတွေ့နေရသော အင်ဒို-ထိုင်း ရေပိုင်နက်အတွင်း လုပ်အားခေါင်းပုံဖြတ်ခံရခြင်းဖြစ်ရပ်များသည် လူသိနည်းနေသော်လည်း အများစု ကြုံတွေ့နေရသည့် ဖြစ်ရပ်ဖြစ်သည်။ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ❖

ကြေးမုံစာတည်းရှုထောင့် ၂၄-၁၂-၂၀၁၄၊ ဗုဒ္ဓဟူးနေ့

# အန္တရာယ်ကျ သဘာဝစည်းများ

မြန်မာမှုနယ်ပယ်မှာ "ပြောမဆုံးပေါင် တောသုံးထောင်"ဟု ဆိုရိုးစကားရှိသည်။ စကားပြော၍မကုန်နိုင်မခန်းနိုင်၊ ပြော၍မဆုံးနိုင်ဖြစ်နေမှုကို တောတောင်များနှင့်ခိုင်းနှိုင်းထားခဲ့ခြင်းဖြစ်သည်။ မြန်မာ့ရေမြေသဘာဝတွင် တောတောင်များပေါကြွယ်မှု စကားနမူနာတစ်ခုဟု ဆိုနိုင်သည်။

မိမိတို့နိုင်ငံသည် အီကွေတာရပ်ဝန်းနှင့် နွေးသမပိုင်းဆုံရာ ရာသီဥတုညီမျှပြီး မပူလွန်း၊ မအေးလွန်း နေချင့်စဖွယ် နေရာဒေသအဝန်းအဝိုင်းတစ်ခုဖြစ်သည်။ တောင်တန်းသုံးသွယ်၊ မြစ်ကြောင်းအသွယ်သွယ်နှင့် ပင်လယ်ကမ်းစပ်အနားသပ်နှင့် လူတို့မစိုက်ပျိုးရဘဲ သဘာဝအလျောက်ပေါက်ရောက်ရှင်သန်နေသော အမြဲစိမ်းတောများ၊ ရွက်ပြတ်တောများနှင့် ထိုထိုသောသစ်တောများတွင် လှည့်လည်ကျက်စားသော ဆင်များ၊ ကျားများမှသည် သမင်၊ ဒရယ်၊ ချေငယ်၊ စိုင်၊ ဆတ်၊ ဖွတ်၊ ပုတတ်အဆုံး သိုက်မြုံဖွဲ့လျက် အုံနှင့်ကျင်းနှင့် ရှိနေကြသည်။ သဘာဝဝါးတောကြီးများဆိုလျှင်လည်း ခုတ်ယူ၍မကုန်ခန်းလောက်အောင်ထိ ပေါကြွယ်ဝသည်။

ယခုအချိန်တွင် ထိုထိုသောသစ်တောကြီးများ ပြုန်းတီးလာနေမှုကို တောပျော်ဆင်ကြီးများ လူနေရပ်ဝန်းဆီ တိုးဝင်လာနေမှုက သက်သေပြနေသည်။ သစ်တောကြီးများအတွင်း လှည့်လည်ကျက်စားကြသော ဆင်များ သဘာဝလူနေရပ်ဝန်းအတွင်းသို့ ဝင်ရောက်ဖျက်ဆီးမှုများမှာလည်း သစ်တောဂေဟစနစ် ပျက်စီးလာနေမှု၏ပြယုဂ်တစ်ရပ်ပင် မဟုတ်ပါလော။

ကမ္ဘာပေါ်တွင် အာဖရိကဆင်နှင့်အာရှဆင်ဟူ၍ နှစ်မျိုးရှိရာ အာရှဆင်များကျက်စားရာ နိုင်ငံ ၁၃ နိုင်ငံတွင် မိမိတို့နိုင်ငံသည်လည်း အပါအဝင်ဖြစ်သည်။ ယခုအခါ ဆင်ကောင်ရေ ၃၄၀၀၀ မှ ၅၄၀၀၀ အတွင်းသာရှိတော့သည်ဟု သိရသည်။ အာရှဆင်ကောင်ရေ ဒုတိယအများဆုံးကျက်စားရာ မိမိတို့နိုင်ငံသည်လည်း သစ်တောဝါးတောကြီးများ တစ်စတစ်စပြုန်းတီးလာနေမှုကြောင့် အုပ်စုဖွဲ့နေထိုင်တတ်သောဆင်များ၊ အုပ်စုကွဲကာ ကစဥ့်ကလျားနှင့် ခိုကိုးရာမဲ့ဘဝရောက်လာကြရပြီ။ အစာရေစာရှားပါးလာမှုကြောင့် စိုက်ခင်းများ၊ လူနေရပ်ဝန်းများထိ တိုးဝင်အစာရှာစားလာနေရပြီ။ "ငါ့ဝမ်းပူဆာ မနေသာ"လို့ ရောက်လာကြခြင်း။

ဆာလောင်မွတ်သိပ်မှုပြင်းထန်လာချိန် မြင်မြင်သမျှ ဒေါသစိတ်ရိုင်းဝင်လာတတ်စမြဲပင် ဖြစ်သည်။ ဤသို့ဖြင့် လူနေရပ်ဝန်းများကို ဖျက်ဆီးလာသည်။ စိုက်ခင်းများကို မွှေနှောက်လာသည်။ တိရစ္ဆာန်တို့၏အစာအတွက် သောင်းကျန်းမှု၊ လူတို့အမြင်မှာ တမင်လာရောက်ဖျက်ဆီးမှုဟု ထင်မြင်ပါကမှားလိမ့်မည်။ သတ္တဝါတို့သဘာဝ သူတို့အပေါ် နာကျင်ထိခိုက်မှုတစ်စုံတစ်ရာမရှိသမျှ ရမ်းကားရက်စက်ပြုမူတတ်သည့် သဘောမရှိသလောက်ပါ။ သူတို့ကို ထိခိုက်နာကျင်စေပါက ချက်ချင်းတုံ့ပြန်ရန်ပြု တိုက်ခိုက်တတ်ကြသည်မှာလည်း သူတို့၏သဘာဝဟုပင်ဆိုရမည်။

ယခုအခါ သူတို့လှည့်လည်ကျက်စားရာ သစ်တောများပြုန်းတီးလာမှုကြောင့် အစာအာဟာရ ရှားပါးပြတ်လပ်လာသည်။ လူတို့ကြောင့် ဖြစ်လာရခြင်းဖြစ်၍ လူနေရပ်ဝန်းသို့ တိုးဝင်ရန်ရှာပြုမူလာကြခြင်းဖြစ်သည်။ စိုက်ခင်းများကို ဝင်ရောက်မွှေနှောက်စားသောက်လာကြသည်။ လူတို့စိုက်ထားသော ငှက်ပျော၊ အုန်းသီး၊ အုန်းညွန့်များက သူတို့အကြိုက်။ ဤသို့ဖြင့် တောစပ်နေပြည်သူများ ညကင်း၊ နေ့ကင်းနှင့် မပြတ်ရှိလာကြသည်။ ဆင်များဝင်လာသည်နှင့် အသံဆူညံပေးမောင်းထုတ်ကြရသည်။ ဆင်နှင့်လူသားများ ထိပ်တိုက်တွေ့လာမှုပင်ဖြစ်သည်။

ဤနေရာတွင်ရခိုင်ပြည်နယ် မေယုတောင်တန်းအနီးနေ တောင်သူတစ်ဦး၏ ပြောစကားကို တစ်ဆင့်တင်ပြလိုပါသည်။ တောဆင်ရိုင်းတွေစိုက်ခင်းနှင့်ရွာထဲမဝင်ရောက်စေဖို့အတွက် အကောင်းဆုံးနည်းလမ်းမှာ ဆင်စာပင်များဖြစ်သည်။ ဝါးပင်၊ တံမြက်စည်းပင်၊ ထမင်းဆိုင်ပင်များကို တောအတွင်း စိုက်ပျိုးပေးခြင်းဖြစ်သည်ဟု ဒေသခံတစ်ဦး၏ အတွေ့အကြုံအရ သူ့အမြင်ကိုတင်ပြထားသည်။ မေယုတောင်တန်းတွင် တောဆင်ရိုင်းများပေါများသည်။ သစ်ကြီးဝါးကြီး ပေါများသည်။ ယခုသစ်တော၊ ဝါးတောများ လူတို့၏ပယောဂကြောင့် ကုန်ခန်းလာပြီ။ ထို့ကြောင့် တောဆင်ရိုင်းများ နယ်ကျွံလာခြင်းဖြစ်သည်။ သဘာဝဝါးတောများကို ပြန်လည်ဖွံ့ဖြိုးလာစေခြင်းဖြင့် ဆင်များ၏ရန်ကို တားဆီးနိုင်သည်ဟု ဆိုထားသည်။

တိရစ္ဆာန်များ၏သဘာဝမှာ ဗိုက်ဝနေပြီဆိုပါက ပြဿနာထပ်ရှာတတ်သည့်သတ္တဝါများမဟုတ်ကြပါ။ သူတို့ဝမ်းစာ သူတို့ရှာစားနိုင်ရန် သီးသန့်နေရာများဖန်တီးပေးဖို့ လိုအပ်နေပါပြီ။ သစ်တောများသည် လူနှင့် တိရစ္ဆာန်နယ်ပယ်၏ အဆီးအတား သဘာဝစည်းများပင်ဖြစ်ပါကြောင်း။ ။

# ရွှေလီတံတားကြီး ကားဖြတ်သန်းခွင့်ပြုလိုက်ပြီ



မိုးမိတ်နှင့်မဘိမ်းကိုဆက်သွယ်ပေးသည့် ရွှေလီမြစ်ကူးတံတားကြီးကို တွေ့ရစဉ်။

သတင်းနှင့်ဓာတ်ပုံ-ခရမ်းစိုးမြင့်

**မိုးမိတ် ဒီဇင်ဘာ ၂၃**

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ရေအားလျှပ်စစ် ဦးစီးဌာနသည် ဆောက်လုပ်ရေးအဖွဲ့ အမှတ်(၂)၏ ရန်ပုံငွေဖြင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးစီမံကိန်းကြီးအဖွဲ့(၄) မှ အပြီးသတ် တာဝန်ယူတည်ဆောက်ပေးခဲ့သော ရွှေလီမြစ်ကူးတံတားကြီးသည် ယခုအခါ ရာနှုန်းပြည့်တည်ဆောက်ပြီးစီးသွားပြီဖြစ်၍ ရွှေလီ အမှတ်(၃)ရေအားလျှပ်စစ်တည်ဆောက်ရေးစီမံကိန်းနှင့် အတူ ဒေသတွင်းမှ ပြည်သူများသွားလာအသုံးပြုနိုင်ရန် သက်ဆိုင်ရာက ခွင့်ပြုလိုက်ပြီဖြစ်သည်။

တံတားကြီးတည်နေရာမှာ ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်မြို့နယ် မြစ်ဆုံရွာအနီး ရွှေလီမြစ်ပေါ်၌ဖြစ်ပြီး မဘိမ်းမြို့နယ်နှင့် မိုးမိတ်မြို့နယ်တို့ကို ဆက်သွယ်တည်ဆောက်ပေးခဲ့သော တံတားကြီးဖြစ်ကာ တံတားအမျိုးအစားမှာ သံကူကွန်ကရစ် သံမဏိသံပေါင်တံတားကြီးဖြစ်သည်။

ယခင်က မိုးမိတ်မြို့နယ်နှင့် မဘိမ်းမြို့နယ်ပတ်ဝန်းကျင်ဒေသမှ ပြည်သူများသည် ရွှေလီမြစ်ကိုဖြတ်သန်းရာတွင် မြစ်ဆုံအနီးမှ ဇက်ရေယာဥ်များဖြင့် ကားများကိုတင်ဆောင်ပြီး သွားလာနေရသောကြောင့် အလွန်အန္တရာယ်များပြီး ရာသီဥတုမကောင်းပါက ဇက်ဆိပ်၌ပင် နာရီပေါင်းများစွာစောင့်ဆိုင်းနေရသဖြင့် မန္တလေးမှ မဘိမ်းခရီးမှာ နေ့ချင်းပေါက်ရောက်ရန် ခက်ခဲနေကြသည်။

ယခုအခါ ရွှေလီတံတားကြီးပြီးသွားပြီး ကားများဖြတ်သန်းမောင်းနှင်ခွင့်ပြုလိုက်သဖြင့် မဘိမ်းနှင့်မိုးမိတ်ဒေသမှပြည်သူများမှာ ဝမ်းသာပီတိဖြစ်နေကြသည်။

## ရွှေစျေး၊ စက်သုံးဆီစျေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဒီဇင်ဘာ ၂၃**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေစျေး | ၆၆၄၂၀၀ | - | ၆၆၅၂၀၀ |
| မန္တလေး | ရွှေစျေး | ၆၆၃၂၀၀ | - | ၆၆၄၂၀၀ |

**စက်သုံးဆီစျေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၈၄၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၁၀၁၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၇၇၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၈၁၅ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၀၂၇. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၂၅၅. ၇ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၆၅. ၁၂ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၁. ၂၀၆ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၂၉၃. ၆၈ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၆. ၂၄၂ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၈၅၅. ၀၉ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၉၃. ၃၅၄ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၈၃၄. ၂၅ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၇၇၈. ၄၄ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**





# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းအမှတ်စဉ်(၁၂) သင်တန်းဆင်းဂုဏ်ပြု ညစာစားပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်

**နေပြည်တော် ဒီဇင်ဘာ ၂၃**

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းအမှတ်စဉ်(၁၂)သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယနေ့ညနေ ၆ နာရီတွင် ရန်ကုန်မြို့ရှိ တပ်မတော်ဆေးတက္ကသိုလ်၌ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။


အဆိုပါ သင်တန်းဆင်းဂုဏ်ပြု ညစာစားပွဲအခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးသူရသက်ဆွေနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်နှင့် ဇနီး၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ ရန်ကုန် တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တပ်မတော် သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ် ကျောင်းအုပ်ကြီးနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ သင်တန်း ဆင်းသူနာပြုများနှင့် ၎င်းတို့၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သည် ကျောင်းဆင်းသူနာပြုများအား တစ်ဦးချင်း ရင်းရင်းနှီးနှီးလိုက်လံ နှုတ်ဆက်ပြီး အားပေးစကားပြောကြား သည်။**(ဓာတ်ပုံ)**

ထို့နောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျောင်းဆင်းသူနာပြုများ၊ မိဘ ဆွေမျိုးများနှင့်အတူ ညစာသုံးဆောင် ကြသည်။

သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲ အပြီးတွင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဘွဲ့နှင်းသဘင်ခန်းမဆောင်၌ မြဝတီ တေးဂီတအဖွဲ့နှင့် အငြိမ့်အဖွဲ့တို့၏ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှု အားပေးခဲ့ကြကြောင်း သတင်းရရှိ သည်။

**(မြဝတီ)**



**●ဆေးဝါးထုတ်လုပ်မှုမှ**

အဆိုပါအခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ကာကွယ်ရေး ဦးစီးချုပ် (ရေ)ဗိုလ်ချုပ်ကြီး သူရသက်ဆွေနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ)ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ထွန်းထွန်းနောင်၊ တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ် ကျောင်းအုပ်ကြီးနှင့် မင်္ဂလာဒုံတပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ သင်တန်းဆင်းသူနာပြုများ၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် သင်တန်းဆင်းတပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် သင်တန်းဆင်း တပ်ခွဲများအား စစ်ဆေးသည်။

ယင်းနောက် သင်တန်းဆင်းတပ်ခွဲများက တပ်မတော်ကာကွယ်ရေးဦးစီးချုပ် အား အနှေးလျှောက်၊ အမြန်လျှောက်တို့ဖြင့် ချီတက်အလေးပြုကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းအမှတ်စဉ်(၁၂)မှ အကောင်းဆုံးသင်တန်းသားဆုရရှိသူ သင်တန်းသား အမှတ် ၃၃၄၅ သင်တန်းသား သော်ဇင်အောင်၊ လေ့ကျင့်ရေး ထူးချွန်ဆုရရှိသူ သင်တန်းသားအမှတ် ၃၂၄၂ သင်တန်းသား ထွန်းဝဏ္ဏဦးနှင့် စာပေထူးချွန်ဆု ရရှိသူ သင်တန်းသားအမှတ် ၃၂၈၃ သင်တန်းသား မျိုးကျော်သူတို့အား ဆုများအသီးသီးပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သင်တန်းသားများအား မိန့်ခွန်းပြောကြားရာတွင် အနောက်တိုင်းဆေးဖြစ်စေ၊ တိုင်းရင်းဆေးဖြစ်စေ ဆေးဝါးဖော်စပ်မှုနှင့်ဆေးဝါးအသုံးပြုမှုအတွက် ကျွမ်းကျင်ပညာရှင်များလိုအပ် ကြောင်း၊ ဆေးဝါးထုတ်လုပ်မှုပညာ၊ ဆေးဝါးအာနိသင်စမ်းသပ်စစ်ဆေးမှု ပညာရပ်များကို ကျွမ်းကျင်ပိုင်နိုင်အောင်လေ့လာပြီး တပ်မတော်သားများနှင့် ပြည်သူများ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်သွားရမည် ဖြစ် ကြောင်း။

အမျိုးသားကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများတွင် လူပုဂ္ဂိုလ် တစ်ဦးချင်း၊ မိသားစုတစ်စုချင်းမှသည် ဒေသအလိုက် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးကိစ္စအဝဝအထိ ကျယ်ပြန့်သည့်အမြင်ဖြင့် ကျန်းမာရေးဆိုင်ရာ စီမံခန့်ခွဲမှုများကိုဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

တပ်မတော်၏ စစ်ဘက်သူနာပြုသမိုင်းကြောင်းကို ပြန်ကြည့်လျှင် ဗမာ့လွတ်လပ်ရေးတပ်မတော်ကို စတင်ဖွဲ့စည်းပြီး မြန်မာနိုင်ငံအတွင်း ပြန်လည်ဝင်ရောက်လာသည့်အချိန်တွင် ထားဝယ်စစ်ကြောင်း၌ သူနာပြုအဖွဲ့ တစ်ဖွဲ့သည် တပ်မတော်ထဲကို ပထမဦးဆုံးဝင်ရောက်ခဲ့ကြကြောင်း၊ မျိုးချစ် စိတ်ဓာတ်ရှိသည့် ဆရာဝန်နှင့် သူနာပြုများသည် တပ်မတော်ထဲသို့ ဝင်ရောက် ခဲ့ကြပြီး လွတ်လပ်ရေးကြိုးပမ်းမှု ကာလတစ်လျှောက်လုံး စွန့်လွှတ်စွန့်စားသည့် စိတ်ဓာတ်နှင့် စစ်မြေပြင်ဆေးအကာအကွယ်ပေးရေးတာဝန်အပြင် တိုက်ပွဲဝင် တာဝန်တွေကိုပါ ထမ်းဆောင်ခဲ့ကြခြင်းဖြစ်ကြောင်း။

တပ်မတော်ကို ခိုင်မာအောင်တည်ဆောက်ရာတွင် တပ်တွင်းစည်းလုံး ညီညွတ်ရေးသည် အခြေခံအကြောင်းတရားဖြစ်ကြောင်း၊ တပ်တွင်းစည်းလုံး ညီညွတ်ရေးသည် ရဲဘော်စိတ်နှင့် စစ်စည်းကမ်းကောင်းမွန်မှုအပေါ် မူတည် ကြောင်း၊ ခေါင်းဆောင်ငယ်များအဖြစ် စစ်ရေးတာဝန်ထမ်းဆောင်ကြသည့် အခါတွင်လည်း မျှတသည့်စိတ်ထား၊ မှန်ကန်သည့်သဘောထား၊ ရဲရင့်ပြတ်သား သည့် ဆုံးဖြတ်ချက်၊ တာဝန်ယူမှု၊ တာဝန်ခံမှု၊ ယုံကြည်မှု၊ သစ္စာရှိမှုများနှင့်အတူ လက်အောက်ငယ်သားများအပေါ် ရဲဘော်ရဲဘက်စိတ်နှင့် ပြုမူဆက်ဆံသွားရန် လိုကြောင်း၊ ခေါင်းဆောင်ဆိုသည်မှာ ဆရာကောင်းတစ်ယောက်ဖြစ်သကဲ့သို့ အောင်မြင်သောလူမှုဆက်ဆံရေးသမားကောင်းတစ်ယောက်လည်း ဖြစ်ကြောင်း၊ တစ်ချိန်တည်းမှာပင် အမိန့်နှင့်တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ရသည့် နောက်လိုက်ကောင်းလည်း ဖြစ်ရန်လိုကြောင်း။

ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်းသည် ဂုဏ်သိက္ခာရှိစွာနှင့် မားမားမတ်မတ် ရပ်တည်နိုင်ရန်အတွက် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးနှင့် အမျိုးသား အကျိုးစီးပွားတိုးတက်ဖြစ်ထွန်းရေးကို ဦးတည်ဆောင်ရွက်လျက်ရှိကြကြောင်း၊ တပ်မတော်ကို နိုင်ငံတကာစံချိန်စံညွှန်းနှင့် ကိုက်ညီသည့် တပ်မတော် (Standard Army)အဖြစ် တည်ဆောက်ရာတွင် စစ်သည်တစ်ဦးချင်းစီ၏ အရည်အသွေးမြင့်မားမှုနှင့် တပ်မတော်၏အရည်အသွေးကို မြှင့်တင်ကြရမည် ဖြစ်ကြောင်း။

မျက်မှောက်ခေတ်သည် (Knowledge age) ပညာခေတ်ဖြစ်သည့် အတွက် အစဉ်အမြဲသင်ယူနေမှသာ ပြောင်းလဲတိုးတက်နေသည့် နည်းပညာများ နှင့်အညီ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ တပ်မတော်သားများ၏ ကျန်းမာရေး သာမက ရောက်ရှိတာဝန်ထမ်းဆောင်ရာ ဒေသအသီးသီးတွင်ရှိသည့် ပြည်သူများကိုပါ မိမိတတ်ကျွမ်းသောဆေးပညာဖြင့် ပြုစုစောင့်ရှောက်ပေးပြီး နိုင်ငံတော်တည်ဆောက်ရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ စစ်သည်တစ်ဦးချင်းစီ၏ အရည်အချင်းမြင့်မားမှု ကို ပေါင်းစည်းပြီး အရည်အသွေးရှိသည့်၊ စွမ်းရည်ရှိသည့် တပ်မတော်အဖြစ် တည်ဆောက်ရာတွင် မိမိတတ်စွမ်းသည့်ပညာကိုအကောင်းဆုံးအသုံးချ ဆောင်ရွက်သွားကြရန်၊ တတ်ကျွမ်းထားသည့်ဆေးပညာရပ်များကိုအခြေခံပြီး ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲမှုများကိုလည်း စဉ်ဆက်မပြတ်လေ့လာ၍ စွမ်းရည်ပြည့်ဝကျွမ်းကျင်သော ဆေးပညာသည် သူနာပြုများဖြစ်လာအောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြား သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် သင်တန်းဆင်းတပ်ခွဲများ၏အလေးပြုခြင်းကို ခံယူပြီး နောက် စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသည်။

စစ်ရေးပြအခမ်းအနားအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တပ်မတော်ဆေးတက္ကသိုလ်ပင်မစာသင် ဆောင်ရှိ ဧည့်ခန်းမ၌ ထူးချွန်ဆုရ သင်တန်းသားသုံးဦးနှင့် ၎င်းတို့၏မိဘများအား တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားခဲ့သည်။

ယနေ့ပြုလုပ်သော တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းအမှတ်စဉ်(၁၂) သင်တန်းဆင်းပွဲတွင် သင်တန်းသား ၂၀၂ ဦးတို့အား သူနာပြု၊ ဆေးဝါးကျွမ်းကျင်သူနှင့် ဆေးဘက်ပညာသည်များအဖြစ် ခန့်အပ် ခဲ့ကြောင်း သိရှိရသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အဖွဲ့ဝင်များ လိုက်ပါ၍ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်ကျောင်းပြခန်း အတွင်း လှည့်လည်ကြည့်ရှုကာ ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်း တင်လက်မှတ်ရေးထိုးသည်။

ထို့နောက် ကျောင်းစာကြည့်တိုက်၊ ကွန်ပျူတာသုံး၍ပုံရိပ်ဖော်ရောဂါ ရှာဖွေစစ်ဆေးစမ်းသပ်ခန်း၊ ရေကုထုံးသုံးလက်တွေ့ခန်း၊ ခန္ဓာသန်စွမ်းမှု နည်းပညာလက်တွေ့ခန်းနှင့် သူနာပြုလက်တွေ့ခန်းတို့အား လှည့်လည်ကြည့်ရှု၍ လေ့ကျင့်သင်ကြားရေးဆိုင်ရာ အထောက်အကူပစ္စည်းများနှင့် အုပ်ချုပ်ရေး ပိုင်းဆိုင်ရာလိုအပ်ချက်များအား ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

သင့်စီးပွားရေး အောင်မြင်ဖို့
ကြေးမုံသတင်းစာတွင် ကြော်ငြာစို့






# သမုဒ္ဒရာနှစ်စင်းကို ဆက်သွယ်မည့် တူးမြောင်းသစ် နီကာရာဂွါတွင် စတင်ဖောက်လုပ်

**မနာဂွါ ဒီဇင်ဘာ ၂၃**

အတ္တလန္တိတ်သမုဒ္ဒရာနှင့် ပစိဖိတ်သမုဒ္ဒရာနှစ်စင်းအကြား ဆက်သွယ်မည့် တူးမြောင်းသစ်ဖောက်လုပ်ခြင်းကို စတင်လုပ်ဆောင်ပြီဖြစ်ကြောင်း နီကာရာဂွါနိုင်ငံအစိုးရက ဒီဇင်ဘာ ၂၃ ရက်တွင် ကြေညာချက်ထုတ်ပြန်ခဲ့သည်။

ယင်းတူးမြောင်းသစ် စတင်ဖောက်လုပ်ခြင်း အခမ်းအနားဖွင့်ပွဲတွင် တူးမြောင်းကို တာဝန်ယူဖောက်လုပ်မည့် အိတ်ချ်ကေအန်ဒီ ကုမ္ပဏီ ဥက္ကဋ္ဌ ဝမ်ဂျင်းက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ယင်းတူးမြောင်းဖောက်လုပ်ခြင်းမှ သမိုင်းအလှည့်အပြောင်းတစ်ရပ်ဖြစ်လိမ့်မည်ဟု ပြောကြားခဲ့သည်။

အဆိုပါတူးမြောင်းသစ်သည် တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးပါက ရေမိုင် ၁၇၂ မိုင် (၂၇၈ ကီလိုမီတာ)ခန့်ရှိမည်ဖြစ်ပြီး လက်ရှိအသုံးပြုနေသော ပနားမားတူးမြောင်းထက် အလျားမိုင်ပိုရှည်ကာ ရေအနက်လည်းပိုပြီး တူးမြောင်းအကျယ်မှာလည်း ပိုမည်ဖြစ်သည်။

လက်တင်အမေရိကဒေသတွင် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများထဲ၌ တစ်ခုအပါအဝင်ဖြစ်သော နီကာရာဂွါနိုင်ငံ၏ သမိုင်းကြောင်းနှင့် စီးပွားရေးကို အဆိုပါတူးမြောင်းသစ်က ပြောင်းလဲပေးနိုင်လိမ့်မည်ဖြစ်ကြောင်း နီကာရာဂွါနိုင်ငံ ဒုတိယသမ္မတ အိုမာဟယ်လီဆေးဗန်းစ်က ပြောကြားခဲ့သည်။

တူးမြောင်းဖောက်လုပ်ပြီးစီးပါက နီကာရာဂွါနိုင်ငံအနေဖြင့် ကမ္ဘာ့ကုန်သွယ်ရေကြောင်းလုပ်ငန်း၏ ငါးရာခိုင်နှုန်းကို လုပ်ဆောင်ခွင့်ရရှိမည်ဟု မျှော်လင့်ထားပြီး ယင်းလုပ်ငန်း၏ အကျိုးဆက်အဖြစ် နီကာရာဂွါနိုင်ငံ၏ ဂျီဒီပီမှာ နှစ်ဆတိုးတက်လာမည်ဟု ၎င်းက ပြောကြားသည်။

**ဘီဘီစီ။**

# အခွန်လိမ်လည်မှုဖြင့် စပိန်မင်းသမီး တရားခွင်၌ စစ်ဆေးခံရမည်

**မက်ဒရစ် ဒီဇင်ဘာ ၂၃**

စပိန်နိုင်ငံတွင် တရားသူကြီးတစ်ဦးက ဆဋ္ဌမမြောက်ဘုရင် ဖိလစ်၏ ညီမတော် ခရစ်တီးနားကို အခွန်လိမ်လည်မှုပြုခဲ့သည်ဟူသော စွပ်စွဲချက်ဖြင့် ရုံးတင်ကြားနာစစ်ဆေးရန် အမိန့်ထုတ်လိုက်၍ တော်ဝင်မိသားစု၏ တရားရုံးမှ တရားခံခြေအတွင်းရပ်ရမည့် ပထမဆုံးမိသားစုဝင်ဖြစ်လာမည်ဖြစ်ကြောင်း အေအက်ဖ်ပီက ယနေ့ဖော်ပြသည်။

တော်ဝင်မိသားစုကို ပြဿနာအတွင်း သက်ဆင်းစေခဲ့သည့်အပြင် ဘုရင်ဂွါန်ကားလို့(စ်)အား ထီးနန်းစွန့်လွှတ်စေခဲ့သော လေးနှစ်ကြာစုံစမ်းစစ်ဆေးခြင်းမှ ဤသမိုင်းဝင်ဆုံးဖြတ်ချက်ဖြစ်ပေါ်လာခြင်းဖြစ်သည်။ အသက် (၄၉) နှစ်ရှိ ခရစ်တီးနားကို သူ၏ ခင်ပွန်းပိုင် စီးပွားရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ အခွန်လိမ်လည်ရာတွင် ကြံရာပါအမှု နှစ်ခုဖြင့် တရားရုံး၌ စစ်ဆေးရန် မာဂျော်ကိုကျွန်းမှ တရားရုံးတစ်ရုံးက အမိန့်ထုတ်ခြင်းဖြစ်သည်။

သူ၏ ခင်ပွန်းဖြစ်သော အိုလံပစ် လက်ပစ်ဘောလုံးကစားသမားဟောင်း အင်နာကီ အာဒန်ဂါရင်က အခွန်ရှောင်ရာတွင် ပူးပေါင်းပါဝင်ခဲ့သည်ဟု သူ့ကို စွပ်စွဲထားသည်။ အာဒန်ဂါရင်အား ပြည်သူ့ဘဏ္ဍာငွေယူရိုသန်းပေါင်းများစွာကို တရားမဝင် လွှဲပြောင်းခြင်း၊ အလွဲသုံးစားခြင်းတို့ ကျူးလွန်ခဲ့သည်ဟု စွပ်စွဲထားသည်။

မင်းသမီးသည် မည်သည့် အမှားတစ်ခုကိုမျှ ကျူးလွန်ခြင်းမရှိသည့်အတွက် အပြစ်မရှိကြောင်း ၎င်း၏ရှေ့နေက ပြောသည်။ ခရစ်တီးနား ဖီဒီရီကာဒီ ဘော်ဘိုနီဂရေးစီယာသည် ဘုရင်ဂွါန်ကားလို့(စ်)၏ အထွေးဆုံးသမီးဖြစ်ပြီး ထီးနန်းဆက်ခံရန် ဆဋ္ဌမအဆင့်၌ ရှိသည်။ ၁၉၉၇ ခုနှစ်တွင် ဘာစီလိုနာမြို့တွင် အာဒန်ဂါရင်နှင့် လက်ထပ်ခဲ့သည်။



သူ၏ အမှုသည် ဇွန် ၁၉ ရက်တွင် ထီးနန်းဆက်ခံခဲ့သည့် ဘုရင်ဖိလစ်အတွက် ခေါင်းခဲစရာတစ်ခုဖြစ်သည်။ နန်းတက်စဉ်က ရိုးသားပွင့်လင်းသော ဘုရင်အုပ်ချုပ်ရေးစနစ်ဖြစ်စေရမည်ဟု ကတိပေးခဲ့သည်။

အစိုးရရှေ့နေများက ခရစ်တီးနား ပါဝင်ပတ်သက်ကြောင်း သက်သေအထောက်အထားအားနည်းသဖြင့် ယင်းအမှုကို ရုပ်သိမ်းရန် တရားရုံးကို တောင်းဆိုခဲ့သည်။

သို့သော် ပေါလ်မားဒီမာဂျော်ကာရှိ တရားရုံးတွင် စုံစမ်းစစ်ဆေးသူ ဂျို့(စ်)ကက်စထရိုက မာနို့(စ်) လင်ပီယာ၏ စွပ်စွဲချက်များကို အတည်ပြု၍ ခရစ်တီးနား၊ အာဒန်ဂါရင်နှင့် အခြားသံသယ ရှိသူ ၁၅ ဦး တို့ကို ရုံးတော်သို့ လာရောက် အစစ်ဆေးခံရန် အမိန့်ထုတ်ခဲ့သည်။

ဘီဘီစီ။

# နိုင်ဂျီးရီးယားတွင် ဗုံးပေါက်ကွဲမှုများကြောင့် လူ ၂၇ ဦး သေဆုံး

**အဘူဂျာ ဒီဇင်ဘာ ၂၃**

နိုင်ဂျီးရီးယားနိုင်ငံ မြောက်ပိုင်းရှိ ကားမှတ်တိုင်နှင့် ဈေးတို့တွင် ဖြစ်ပွားခဲ့သော ဗုံးပေါက်ကွဲမှုများကြောင့် အနည်းဆုံးလူ ၂၇ ဦး သေဆုံးပြီး ၆၀ ခန့် ဒဏ်ရာရရှိခဲ့ကြောင်း တာဝန်ရှိသူများက တနင်္လာနေ့တွင် ပြောကြားလိုက်သည်။

အဆိုပါ တိုက်ခိုက်မှုများအတွက် မည်သည့်အုပ်စုကမှ ဝန်ခံခဲ့ခြင်းမရှိပေ။ ဘိုကိုဟာရမ်သောင်းကျန်းသူများအနေဖြင့် အရပ်သားများကို ပစ်မှတ်ထားသည့် ဗုံးဖောက်ခွဲတိုက်ခိုက်မှုများကို ထပ်ခါတလဲလဲ ပြုလုပ်လျက်ရှိသည်။ ၎င်းတို့သည် နိုင်ငံ၏ အရှေ့မြောက်ပိုင်းတွင် အစ္စလာမ့်နိုင်ငံတော် ထူထောင်ရန် ကြိုးပမ်းနေကြသည်။

ဗုံးပေါက်ကွဲမှုတွင် ပေါက်ကွဲမှုနှစ်ကြိမ်ဖြစ်ပွားခဲ့ပြီး ဒုတိယဗုံးပေါက်ကွဲမှုမှာ ပိုမိုပြင်းထန်ပြီး အခင်းဖြစ်အရပ်သို့ သွားရောက်ခဲ့သူအများအပြား သေဆုံး၊ ဒဏ်ရာရခဲ့ကြောင်း မျက်မြင်သက်သေတစ်ဦးဖြစ်သူ မိုဟာမက် ဖာဝူက ရိုက်တာသို့ ပြောကြားခဲ့သည်။

ထိုသို့ဖြစ်ပွားပြီး နာရီအနည်းငယ်အကြာတွင် နိုင်ဂျီးရီးယားနိုင်ငံမြောက်ပိုင်း ဘော်ချီမြို့ ဈေးအတွင်း၌ ဗုံးပေါက်ကွဲခဲ့ရာ လူ ခုနစ်ဦး သေဆုံးပြီး ၁၉ ဦးဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့မှ တာဝန်ရှိသူ ဟာရူနာမိုဟာမက်က ပြောကြားသည်။

**ရိုက်တာ။**



# ဆီးရီးယားနိုင်ငံ၏ ယဉ်ကျေးမှုနေရာများ ပျက်စီးလျက်ရှိ

**ဘေရွတ် ဒီဇင်ဘာ ၂၃**

ဆီးရီးယားနိုင်ငံရှိ ယဉ်ကျေးမှုနယ်မြေဒေသ အနည်းဆုံး ၂၉၀ သည် ပြည်တွင်းစစ်ကြောင့် ပျက်စီးဆုံးရှုံးလျက်ရှိနေသည်ကို ဂြိုဟ်တုဓာတ်ပုံများတွင် တွေ့ရကြောင်း ကုလသမဂ္ဂအေဂျင်စီတစ်ခုက ဒီဇင်ဘာ ၂၃ ရက်တွင် ပြောကြားသည်။

ဆီးရီးယားနိုင်ငံသည် လွန်ခဲ့သည့် နှစ်ထောင်ပေါင်းများစွာက မြေထဲပင်လယ်ကမ်းခြေအနီး ကရာဒီချီဗာလီယာဟု လူသိများသည့် ခရူးဆာဒါရဲတိုက်မျှော်စင်ရှိသည့် ပါလ်မိုင်ရာသဲကန္တာရအိုအေစစ်တွင် ရောမခေတ်မှ အပျက်အစီးများကို ရှေးဟောင်းသုတေသနပြုလေ့လာရာ အဖိုးအနဂ္ဃထိုက်တန်သည့် ယဉ်ကျေးမှုနယ်မြေများတည်ရှိသည့် နိုင်ငံဖြစ်သည်။ ဆီးရီးယားနိုင်ငံမြို့တော် ဒမတ်စကတ်သည် အစဉ်အမြဲရွှေ့ပြောင်းအခြေချနေထိုင်မှုကြောင့် မြို့ပြဖြစ်လာသည့် မြို့များတွင် ကမ္ဘာ့ရှေးအကျဆုံးမြို့တစ်မြို့ဖြစ်သည်။

သမိုင်းတန်ဖိုးကြီးမားသည့် ဆီးရီးယားနိုင်ငံ၏ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေများသည် ဆုတ်ယုတ်ပျက်စီးသွားခဲ့ရသလို သမိုင်းဝင်အဆောက်အအုံများသည်လည်း ၂၀၁၁ ခုနှစ် မတ်လတွင် စတင်ဖြစ်ပွားသည့် ပြည်တွင်းစစ်ကြောင့် ပျက်သုဉ်းသွားခဲ့ရပြီဖြစ်သည်။ သို့သော်လည်း ကုလသမဂ္ဂ လေ့ကျင့်ရေးနှင့် သုတေသနအင်စတီကျုက ဒီဇင်ဘာ ၂၃ ရက်တွင် ထုတ်ပြန်သည့် အစီရင်ခံစာတွင် အဆိုပါပြဿနာများကို ကုစားနိုင်မည့် အသင့်လျော်ဆုံးအခွင့်အလမ်းများကို ဖော်ဆောင်ပေးခဲ့သည်။

ကုလသမဂ္ဂ လေ့ကျင့်ရေးနှင့် သုတေသနအင်စတီကျုက ဂြိုဟ်တုဓာတ်ပုံများအသုံးပြု၍ ယဉ်ကျေးမှုနယ်မြေ ၁၈ ခုကို လေ့လာသုံးသပ်လျက်ရှိကြောင်းနှင့် ယဉ်ကျေးမှုနယ်မြေ ၂၄ ခုမှာ လုံးဝ ပျက်စီးသွားပြီဟု ဆိုသည်။ အကြီးအကျယ်ပျက်စီးသည့် ယဉ်ကျေးမှုနယ်မြေ ၁၀၄ခု၊ အတော်အတန် ပျက်စီးသည့် နယ်မြေ ၈၅ ခုနှင့် ပျက်စီးနိုင်ခြေရှိသည့် နယ်မြေ ၇၇ ခုရှိကြောင်း အစီရင်ခံစာတွင် ဆက်လက်ဖော်ပြထားသည်။

**အေပီ။**

# တရုတ်နိုင်ငံ၌ အကြမ်းဖက်တိုက်ဖျက်ရေးတွင် ဘတ်စ်ကားခရီးသည်များ၏ အကူအညီရယူမည်

**ဝူဟန် ဒီဇင်ဘာ ၂၃**

တရုတ်နိုင်ငံအလယ်ပိုင်း ဝူဟန်မြို့တော်တွင် ဘတ်စ်ကားပုံမှန်စီးနင်းသူတစ်ထောင်အား တန်ပြန်အကြမ်းဖက်မှုတိုက်ဖျက်ရေးတွင် အထောက်အပံ့ပေးနိုင်ရေးအတွက် ကူညီဆောင်ရွက်သွားရန် စည်းရုံးသွားမည်ဖြစ်ကြောင်း ဒေသခံရဲတပ်ဖွဲ့က ပြောကြားသည်။

ဟူဘေးပြည်နယ်၏မြို့တော် ဝူဟန်သည် မြို့တော်တွင်းရှိ ဘတ်စ်ကားများပေါ်တွင် ဘေးအန္တရာယ်ကင်းစေရန် သံသယဖြစ်ဖွယ် အပြုအမူအား သတင်းပို့ရန် ဘတ်စ်ကားပုံမှန်စီးနင်းသည့် နိုင်ငံချစ်စိတ်ရှိသောနိုင်ငံသားများအား အကူအညီတောင်းခံသွားမည်ဖြစ်ကြောင်း ဝူဟန်ပြည်သူ့လုံခြုံရေးဗျူရိုမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အစီအစဉ်တွင် ပါဝင်သည့် နိုင်ငံသားတိုင်းအား ၎င်းတို့၏ ကြိုးပမ်းမှုများအတွက် တစ်လလျှင် ယွမ် ၅၀ (အမေရိကန်ဒေါ်လာ ၈ ဒေါ်လာ) ပေးသွားမည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။ အကြမ်းဖက်မှုတိုက်ဖျက်ရေးတွင် သာမန်ပြည်သူများအား စည်းရုံးလိုခြင်းသာဖြစ်ကြောင်း ရဲတပ်ဖွဲ့ကဆိုသည်။ မြို့တော်တစ်ခွင်ရှိ ဘတ်စ်ကားစီးရေ ၇၀၀၀ ကျော်တွင် အလိုအလျောက်အချက်ပေးကိရိယာများနှင့် ဘတ်စ်ကားမှတ်တိုင် ၄၄၀၀ တွင် စောင့်ကြည့်ရေးကင်မရာများ တပ်ဆင်သွားရန်လည်း စီစဉ်နေသည်။

မကြာသေးမီနှစ်များအတွင်း ဘတ်စ်ကားပေါ်တွင် မီးရှို့တိုက်ခိုက်မှုများကို တရုတ်နိုင်ငံတွင် မြင်တွေ့လာခဲ့ရသည်။ ပြီးခဲ့သည့် ဇူလိုင်လက တရုတ်နိုင်ငံတောင်ပိုင်း ကွမ်ကျိုးပြည်နယ်တွင် လူတစ်ဦးသည် လောင်းကစားပြုလုပ်ရာ ငွေရှုံးနိမ့်မှုကြောင့် ဘတ်စ်ကားတစ်စီးအား မီးရှို့ရာ နှစ်ဦးသေဆုံးပြီး ၃၂ ဦး ဒဏ်ရာရရှိခဲ့သည်။ ယင်းလတွင်ပင် တရုတ်နိုင်ငံအရှေ့ပိုင်း ချဲကျန်းပြည်နယ် ဟန်ကျိုးတွင် ဘတ်စ်ကားတစ်စီး မီးရှို့တိုက်ခိုက်မှုခံရပြီး လူ ၃၂ ဦး ဒဏ်ရာရရှိခဲ့သည်။

**ဆင်ဟွာ။**

# လွတ်လပ်ရေးအောင်ပွဲ

(တေးထပ်)

(၆၇)ကြိမ် ထိန်လျှမ်းလို့
လွတ်ပန်းတော့ကြုံပြီ။
ညွတ်နန်းကြော့ ဗိုလ်ရှုခံဝယ်
ကြိုမှုရန်ပြင်လို့၊
မုန်းစိတ်နဲ့အမျက်မာန်ကို
တစ်သက်ပန်ကင်းကြကုန်စို့ . . . .
ညီညာမှုပြည်သာမယ်
စည်လာဖွယ်မချို့။
တည်လာနယ်မြင်သမို့ပေမို့
ထင်သလိုကြေညာ
ဆန် ရွှေ ငွေ ရေနံ သစ်
မြေယံဖြစ်ထွန်းတဲ့မြေပါ။
ငြိမ်းချမ်းကို ကိန်းမြန်းပါသော်
ကိန်းခန်းမှာ ကမ္ဘာလွှမ်းပါလို့။
မေတ္တာပန်းစီရရီ
ပွင့်ကြပေပြီ။
ပြည်ထောင်စုကမ္ဘာတည်အောင်
ညီညာမည်လူတိုင်းပလေး။
ညီနောင်ထုမြဲချစ်ကြည်အောင်
တွဲရစ်ချည် ခိုင်မြဲပလေး။ ။

ယုဝတီကဗျာရှင်တက္ကသိုလ်နွယ်သင်ဇင်



# ခရစ်တော်၏ကျေးဇူးတော်ချီးမွမ်းခြင်းနှင့် ခရစ်တော်မွေးနေ့ ညစာစားပွဲကျင်းပ



**ရန်ကုန် ဒီဇင်ဘာ ၂၃**

ရန်ကုန်ကလျာဏယုဝ ခရစ်ယာန်အသင်းက ကြီးမှူးကျင်းပသော ခရစ်တော်၏ ကျေးဇူးတော် ချီးမွမ်းခြင်းနှင့် ခရစ်တော်မွေးနေ့ညစာစားပွဲကို ယမန်နေ့ညပိုင်းတွင် ရန်ကုန်မြို့ရှိ M3 Food Centre ၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်ကလျာဏယုဝခရစ်ယာန်အသင်း အထွေထွေအတွင်းရေးမှူး ဒေါက်တာသာညဏ်က ဆောင်ရွက်ပြီး ပဏာမကျမ်းဖတ်ကြားသည်။

ရှေးဦးစွာ ပါမောက္ခဒေါက်တာ အက်(စ်)ကျော်လှက ကောင်းချီးတောင်းခံခြင်း၊ "ယေရှုကြွလာတော်မူကျူး" ဂုဏ်တော်ချီးမွမ်းခြင်း၊ တစ်ပင်တိုင်ချီးမွမ်းခြင်းနှင့် အသင်းဒုတိယဥက္ကဋ္ဌ သိက္ခာတော်ရဆရာ ဦးတိုးတိုးက နိုင်ငံတော်အတွက် အထူးဆုတောင်းခြင်း၊ သမ္မာကျမ်းစာတော်မြတ်များအား ဖတ်ကြားခြင်း "မွေးနေ့တော် သတင်းစကား" ကို သိက္ခာတော်ရဆရာ ဒေါက်တာ မန်းစံမြတ်ရွှေက မွေးနေ့တော်သတင်းကောင်းဝေမျှခြင်း၊ သိက္ခာတော်ရဆရာဦးမြင့်လွင်က ကောင်းချီးပေးခြင်းများကို ဆောင်ရွက်ကြသည်။

ထို့နောက် ရန်ကုန်ကလျာဏယုဝ ခရစ်ယာန်အသင်းဥက္ကဋ္ဌ ဒေါက်တာဦးတင်လှက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း **(အပေါ်ပုံ)**က နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော နိုင်ငံသားများဖြစ်ကြသည့် ခရစ်ယာန်ဘာသာဝင် တိုင်းရင်းသားပြည်သူအပေါင်းတို့သည် အမိနိုင်ငံတော်ကြီး၏ သားသမီးစာရင်းဝင်များ ဖြစ်ကြသည့်အားလျော်စွာ ခရစ်တော်၏ ဟောကြားချက်အဆုံးအမ နှုတ်မြွက်စကားတော်များနှင့်အညီ လိုက်နာကျင့်သုံးနေထိုင်ကြလျက် မိမိတို့မှီတင်းနေထိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး အကျိုးကို အဘက်ဘက်က ဝိုင်းဝန်းကူညီပံ့ပိုးပေးစွမ်းနိုင်ကြသော ဘုရားသခင်၏ သားကောင်းသမီးမွန်များဖြစ်ကြပါစေဟု ဆုမွန်ကောင်းတောင်းပါကြောင်းဖြင့် ပြောကြားပြီး မြန်မာ နိုင်ငံဘာသာပေါင်းစုံ ညီညွတ်ရေး အဖွဲ့ ဥက္ကဋ္ဌ ဦးစိန်ဝင်းအောင်က မွေးနေ့တော်အတွက် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးစကား ပြောကြားသည်။

ထို့နောက် သိက္ခာရဆရာ ဒေါက်တာ ဦးအေးမင်းက ညစာအတွက် ကျေးဇူးတော်ချီးမွမ်းခြင်း၊ အကြိမ်(၆၀) မြောက် အသင်းသားစုဆောင်းခြင်းတွင် ဆုရရှိသူများအား ဦးတင်အောင်ဆွေ၊ ဒုတိယဗိုလ်မှူးကြီး စောခင်ထွန်း(ငြိမ်း)နှင့် ဦးသက်ဝင်းတို့က ဆုများချီးမြှင့်ကြကြောင်း သိရသည်။

**(ကြေးမုံ)**

ရန်ကုန်မြို့၏ အသည်းနှလုံး (တရုတ်တန်း)
မဟာဗန္ဓုလလမ်းမပေါ်တွင် (13'x 55') မြေညီဆိုင်ခန်း
အမြန်ရောင်းမည် (ဆိုင်ခ ငါးနှစ်စာ)
ကျောက်မျက်ရတနာ/ရွှေဆိုင်ဖွင့်ရန် နေရာကောင်း
Ph: 01 555624, 09250656840
09 73153882, 09 5405650




Job Vacancy
Prestige Automobile Co.,Ltd
(1) Graphic Designer
(2) Sales Consultant
(3) Service Technician
(4) Accountant
(5) Account Manager
(6) Sales Admin
(7) Reception
(8) Electrician
(9) Security
(10) Cleaner
Contact Adress: No 485, Corner of Pyay Road and [illegible] Street, Kamayut Township, Yangon Myanmar
Email Address: hr@pac-bmw.com / Tel: 09 253834287

# ဓာတ်ပုံရိုက်ကူးခြင်းနှင့် ဥပဒေ

ဦးဟန်ညွန့်(ဥပဒေ)

**စကားဝိုင်း**

ကျွန်တော်၏ရွှေနေရုံးခန်းသို့ ရွှေနေများ၊ သတင်းထောက်များ၊ ရဲအရာရှိများ မကြာခဏလာကြသည်။ ရောက်တတ်ရာရာ ပြောကြဆိုကြသည်။ အထူးသဖြင့် ဥပဒေရေးရာ၊ သတင်းမီဒီယာရေးရာကိစ္စများ ဖြစ်ပါသည်။ ရင်းရင်းနှီးနှီး၊ ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြခြင်းဖြစ်သည်။ စကားဝိုင်းကို အောက်ပါအတိုင်း ပြန်လည်ဖောက်သည်ချပါရစေ။

**ရွှေနေ။ ပြစ်မှုတွေမှာ တရားခံအပြစ်ရှိကြောင်း သက်သေထူဖို့ တာဝန်ဟာ တရားလိုဘက်မှာ အစဉ်တစိုက်ရှိတယ် မဟုတ်လားဆရာ။ နည်းနည်းရှင်းပြပါ။**

**ဆောင်းပါးရှင်။** မှန်တယ်။ တရားခံအပြစ်ရှိ၊ မရှိကို တရားလိုဘက်က သက်သေပြရမှာပေါ့။ သက်သေမပြနိုင်ဘဲ တရားစွဲတင်ရင် တရားခံလွတ်သွားမှာပေါ့။ ကိုယ့်ဘက်က တာဝန်မကျေဘဲ အခြားဘက်ကို တာဝန်ပုံချတာမျိုးမဖြစ်သင့်ဘူး။ လုံလုံလောက်လောက်၊ ထင်ထင်ရှားရှား သက်သေပြသင့်တယ်။

**ရဲအရာရှိ။** သက်သေထင်ရှားဖို့ တစ်ခါတစ်ရံ ဓာတ်ပုံရိုက်ပြီး သက်သေခံတင်ပြရတယ်။ အမှုအင်အား ကောင်းစေချင်လို့ပါ။

**ဆောင်းပါးရှင်။** အမှုစုံစမ်းထောက်လှမ်းတာ၊ ရဲလက်စွဲနဲ့အညီ ဆောင်ရွက်တာ ဘာမှပြောစရာမရှိပါဘူး။ ဒါပေမယ့် ရဲအချုပ်မှာရှိနေစဉ်အတွင်း တရားခံက အခင်းဖြစ်နေရာသို့ လိုက်ပြခြင်း၊ အခင်းဖြစ်စဉ်က ပြုမူခဲ့သည့် အနေအထားတို့ကို သရုပ်ပြစေခြင်းတို့သည် တရားခံပြစ်မှုကျူးလွန်ကြောင်း ရဲထံ ဝန်ခံချက်သာဖြစ်တယ်။ သက်သေခံမဝင်ဘူး။ ရဲကစုံစမ်းမှုပြုလုပ်စဉ် တရားခံအား ပြစ်မှုကျူးလွန်ပုံကို သရုပ်ပြစေကာ ဓာတ်ပုံရိုက်ယူသည့် အချက်ကို အထောက်အထားအဖြစ် တင်ပြခြင်းသည် သက်သေခံဥပဒေပုဒ်မ ၂၄ နှင့် ၂၆ တို့အရ ရဲအချုပ်တွင်ရှိနေစဉ် ဖြောင့်ဆိုချက်ရယူသည့် အချက်မှာ အကျုံးဝင်တယ်။ သက်သေခံဥပဒေအရ သက်သေခံမဝင်ဘူး။

**ရွှေနေ။ ဓာတ်ပုံရိုက်ပြီး သက်သေခံတင်တဲ့ကိစ္စ ရည်ညွှန်းစီရင်ထုံး ရှိပါသလားဆရာ။**

**ဆောင်းပါးရှင်။** စီရင်ထုံးရှိပါတယ်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တရားစီရင်ထုံးများ(၂၀၁၁)ခုနှစ် စာမျက်နှာ ၉၃ မှာ ဖော်ပြထားတဲ့ လှဝင်း(ခ)လဝင်းနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ပါ-၂ အမှု ဖြစ်ပါတယ်။ ကျယ်ကျယ်ပြန့်ပြန့် သိရှိဖို့ ဆက်လက်လေ့လာဖတ်ရှုသင့်ပါတယ်။

**ရွှေနေ။** **ကျယ်ကျယ်ပြန့်ပြန့် သိနိုင်အောင် ထပ်ရှင်းပြပါဆရာ။**

**ဆောင်းပါးရှင်။** သက်သေခံဥပဒေပုဒ်မ ၂၄ ဆိုတာ သွေးဆောင်၊ ခြိမ်းခြောက်၊ ကတိထားခြင်းဖြင့် ဖြောင့်ဆိုချက်ဟာ ပြစ်မှုတွေမှာ မစပ်ဆိုင်ဘူးဆိုတဲ့ အချက်ပါ။ တရားခံကို အခွင့်အရေးပေးမယ်၊ အန္တရာယ်တစ်ခုခုက လွတ်ကင်းမယ်ဆိုတဲ့ အကြောင်းပြပြီး ပေးရတဲ့ဖြောင့်ချက်မျိုးပါ။ သက်သေခံဥပဒေပုဒ်မ ၂၆ ဆိုတာကတော့ ရဲအချုပ်မှာရှိခိုက် တရားခံက ဖြောင့်ချက်ပေးခဲ့ရင် ဒီဖြောင့်ချက်ဟာ သက်သေမတင်ပြနိုင်ဘူးဆိုတဲ့ အချက်ပါ။

**သတင်းထောက်။** ဓာတ်ပုံရိုက်ခြင်းမပြုရတဲ့ကိစ္စကို သတင်းမီဒီယာ ကျင့်ဝတ်မှာလည်း ဖော်ပြထားတယ် မဟုတ်လားဆရာ။

**ဆောင်းပါးရှင်။** မှန်ပါတယ်။ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)က ထုတ်ပြန်ထားတဲ့ "သတင်းမီဒီယာကျင့်ဝတ်" စာမျက်နှာ-၂၀၊ အပိုဒ်-၅ မှာ ကိုယ်ရေးလွတ်လပ်ခွင့်နှင့် အများပြည်သူအကျိုးစီးပွားခေါင်းစဉ်အောက်မှာ အပိုဒ်ခွဲ ၅-၂။ ရှိတယ်။ "လူပုဂ္ဂိုလ်များအနေဖြင့် ကိုယ်ရေးလွတ်လပ်ခွင့်ရှိမည်ဟု ကြောင်းကျိုး ညီညွတ်စွာ မျှော်လင့်နိုင်သောနေရာများတွင် လူပုဂ္ဂိုလ်များအား ကြိုတင်ခွင့်ပြုချက်တောင်းခံခြင်းမပြုဘဲ အသံ၊ ဗီဒီယိုမှတ်တမ်းတင်ခြင်းနှင့် ဓာတ်ပုံရိုက်ခြင်းမပြုရပါ"လို့ ဖော်ပြထားတယ်။ သတင်းမီဒီယာသမားတိုင်း သတိမူသင့်တယ်။ လိုက်နာသင့်တယ်။

**ရွှေနေ။** သတင်းမီဒီယာဥပဒေမှာရော ဘယ်လိုဖော်ပြထားသလဲဆရာ။

**ဆောင်းပါးရှင်။** သတင်းမီဒီယာဥပဒေပုဒ်မ ၉ မှာ သတင်းဓာတ်ပုံနှင့် အရုပ်အသံဖော်ပြတဲ့ကိစ္စ၊ ပုဂ္ဂိုလ်တစ်ဦး၊ အဖွဲ့အစည်းတစ်ခု၏ ဂုဏ်သိက္ခာကို တမင်ထိခိုက်စေတဲ့ကိစ္စတွေကို ရှောင်ကြဉ်ဖို့ဖော်ပြထားတာ ဖတ်ရတယ်။ နိုင်ငံတကာတွေမှာ ကျင့်သုံးတဲ့မူကလည်း တရားရုံးမြင်ကွင်းတွေကို ဓာတ်ပုံရိုက်ခွင့်မပြုဘူး၊ အသံဖမ်းခွင့်မရှိဘူး၊ သတင်းဖော်ပြချင်ရင် ပန်းချီကောက်ကြောင်းနဲ့သာ ဖော်ပြလေ့ရှိတယ်။ တရားခံပြစ်မှုကျူးလွန်ပုံကို သရုပ်ပြတဲ့ဓာတ်ပုံကိုတော့ တရားရုံးတွေက လက်ခံလေ့မရှိကြဘူး။

**သတင်းထောက်။** ဒီနေ့ မှုခင်းဂျာနယ်တချို့မှာ တရားခံက ပြစ်မှုကျူးလွန်ပုံ (ဥပမာ၊ လက်ညှိုးထိုးပြနေတဲ့ပုံ၊ ဓားနဲ့ထိုးပြနေတဲ့ပုံ၊ ဖောက်ထွင်းမှု ကျူးလွန်နေတဲ့ဓာတ်ပုံ၊ အလောင်းမြှုပ်နေတဲ့ပုံ စသည် စသည်ဖြင့်ပေါ့) ဖော်ပြကြတယ်။ တရားရုံးမှာ သက်သေခံတင်ပြလို့ မရဘူးလားဆရာ။

**ဆောင်းပါးရှင်။** အထက်ကဖြေခဲ့ပြီးပါပြီ။ ထပ်ရှင်းရရင် တရားရုံးမှာ သက်သေခံတင်ပြရင် တရားရုံးက လက်မခံပါ။ သက်သေခံဥပဒေနဲ့မညီပါ။ စီရင်ထုံးလည်း တင်ပြထားပါတယ်။ သတင်းစာကျင့်ဝတ်ကလည်း ခွင့်မပြုပါ။ ဒါကြောင့် ကျင့်ဝတ်အရရော၊ ဥပဒေအရပါ လူ့ဂုဏ်သိက္ခာကျဆင်းစေနိုင်တဲ့ လုပ်ရပ်ကို မလုပ်တာ အကောင်းဆုံးလို့ အကြံပြုပါရစေ။ ပြစ်မှုကျူးလွန်ပုံကို ဓာတ်ပုံရိုက်ပြမည့်အစား အခြားနည်းလမ်း၊ အခြားထောက်ကူချက်တွေနဲ့သာ ဖော်ပြသင့်တယ်လို့ အကြံပြုပါတယ်။

**ရဲအရာရှိ။** မှုခင်းဖော်ထုတ်တဲ့နည်းပညာတွေလည်း တိုးတက်လာနေပြီမို့ သင်တန်းတွေလည်း အဆင့်ဆင့်ပေးနေပါပြီဆရာ။

**ဆောင်းပါးရှင်။** မှန်ပါတယ်။ ယနေ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဟာ ခေတ်မီနည်းစနစ်၊ မှုခင်းထောက်လှမ်းမှုပညာ၊ ဥပဒေပညာများကို နိုင်ငံတကာအတွေ့အကြုံများပါရယူပြီး တရားဥပဒေနှင့်အညီ ဆောင်ရွက်နေကြောင်း သိရပါတယ်။ တရားသူကြီး၊ ဥပဒေအရာရှိ၊ ရဲတပ်ဖွဲ့စတဲ့ အဖွဲ့အစည်းများ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပပြီး တရားဥပဒေစိုးမိုးရေးတာဝန်ကို တိုးမြှင့်ထမ်းဆောင်နိုင်ဖို့ ကြိုးပမ်းနေတာလည်း ဂုဏ်ယူပါတယ်။

**ရဲအရာရှိ။** အများပြည်သူအကျိုးစီးပွားအတွက် မှတ်တမ်းတင်ဓာတ်ပုံရိုက်ရတာမျိုး၊ ခွင့်ပြုချက် ကြိုတင်မတောင်းနိုင်တဲ့ကိစ္စမျိုး၊ လျှို့ဝှက်ကိစ္စမျိုးတွေရှိတဲ့အခါမျိုးတွေအတွက်ရော ဘာအကြံပြုလိုသလဲ ဆရာ။

**ဆောင်းပါးရှင်။** တရားရုံးလို သက်သေခံတင်ပြတဲ့ကိစ္စကလွဲရင် အခြေအနေ၊ အချိန်အခါတွေ၊ မှုခင်းနှိမ်နင်းရေးကိစ္စတွေ၊ အဓိကရုဏ်းတွေ၊ ရုန်းရင်းဆန်ခတ်မှုတွေ၊ စုံစမ်းထောက်လှမ်းမှုတွေရှိမှာပါ။ သူတို့ရဲ့အဖွဲ့အစည်းလုပ်ငန်းတာဝန်သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ကြရမှာပါ။

**ရွှေနေ။** ထင်ကြေးနဲ့ တရားခံအပေါ် အပြစ်ပေးနိုင်ပါ့မလားဆရာ။

**ဆောင်းပါးရှင်။** တရားခံအပြစ်ရှိကြောင်း တရားလိုဘက်က သက်သေထင်ရှားပြရမယ်။ တရားလိုဘက်က သက်သေထင်ရှားမပြဘဲ "တရားခံအပြစ်ကျူးလွန်မှာပါ" ဆိုတဲ့ ထင်ကြေးနဲ့ အပြစ်ပေးလို့မရဘူးလေ။ စီရင်ထုံးတွေ အများကြီးရှိတာပဲ။ လူငယ်ရွှေနေတွေ စီရင်ထုံးစာအုပ်တွေ ရှာဖတ်ပါ။

**သတင်းထောက်။** ပြစ်မှုကျူးလွန်ပုံကို ထင်ရှားစေချင်လို့ ဓာတ်ပုံရိုက်ပြတာ မကောင်းဘူးလားဆရာ။

**ဆောင်းပါးရှင်။** ဓာတ်ပုံရိုက်ပြတာ မကောင်းဘူးလို့ မဆိုလိုပါ။ စာဆယ်လုံးရေးတာထက် ဓာတ်ပုံတစ်ပုံက ပိုပြီးမြင်လွယ်၊ သိလွယ်၊ အဓိပ္ပာယ်ပေါက်လွယ်တယ်ဆိုတာ မငြင်းပါဘူး။ ဒါပေမယ့် သူ့နေရာနဲ့သူ အရေးပါတယ်။ မပြရမယ့်နေရာမပြရဘူး။ ပြသင့်တဲ့နေရာ ပြပါ။ ဥပဒေနဲ့အညီ ကန့်သတ်ထားရင် ကန့်သတ်ချက်ကို လိုက်ပါ။ တရားဥပဒေစိုးမိုးရေးကို အထောက်အကူပြုပါ။ နိုင်ငံတကာစံညွှန်းတွေလည်း လေ့လာပါ။

**ရွှေနေ၊ ရဲအရာရှိ၊ သတင်းထောက်များ။** နောက်တစ်ပတ် ပြန်ဆုံတွေ့ပါရစေဆရာ။ ။

## သုံးခွမြို့နယ်ရှိ ကျေးရွာများတွင် သောက်သုံးရေကန်များတူးဖော်

**သုံးခွ ဒီဇင်ဘာ ၂၃**


မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ(၂၀၁၄-၂၀၁၅)ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ်ရှိ ကျေးရွာများတွင် ကျေးလက်နေပြည်သူများ သောက်သုံးရေ အခက်အခဲမရှိစေရန်နှင့် သန့်ရှင်းသော သောက်သုံးရေ ရရှိစေရေးအတွက် ရေကန်(မြေသားမိုးရေလှောင်ကန်)ကိုးကန်တူးဖော်မည်ဟု သိရှိရပြီး ယခုလက်ရှိတွင် ပတုပ်ကျေးရွာအုပ်စု သူကြီးပတုပ်ကျေးရွာ၊ ထုံးကြီးကျေးရွာအုပ်စု တပိုးတန်းကျေးရွာ၊ ဖရုံကန် ကျေးရွာအုပ်စု ဒေါ်မင်းစံတဲစုကျေးရွာသုံးရွာတို့တွင် ဝိုင်းထိုက်ကုမ္ပဏီမှ တာဝန်ယူ၍ အကျယ် ပေ ၁၀၀ ပတ်လည်၊ အနက် ခြောက်ပေရှိ ရေကန်များကို စက်ယန္တရားဖြင့် တူးဖော်လျက်ရှိကြောင်း သိရသည်။ ရေကန်များ တူးဖော်ပြီးစီးပါက နောင်နှစ်များတွင် သောက်သုံးရေရှားပါးမှု အခက်အခဲမှ ကင်းဝေးတော့မည်ဖြစ်သဖြင့် ကျေးလက်နေပြည်သူများ ကျေနပ်ဝမ်းသာကြကြောင်း သိရသည်။ **(ဝ၂၀)**

## ၂၀၁၄ ခုနှစ်အတွက် အကောင်းဆုံး AEC နိုင်ငံခရီးသွားဆု မြန်မာနိုင်ငံရရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၃**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ နိုဝင်ဘာ ၁၈ ရက်တွင် Lonely Planet Traveller မဂ္ဂဇင်း၏ Lonely Planet Traveller Destination Awards 2014 တတိယအကြိမ်မြောက်ဆုချီးမြှင့်ပွဲ အခမ်းအနားကိုကျင်းပရာ မြန်မာနိုင်ငံအား အကောင်းဆုံး AEC နိုင်ငံခရီးသွားဆု (Best in Travel-AEC Country) ကို ချီးမြှင့်ပေးအပ်ခဲ့သည်။

အဆိုပါဆုကို Lonely Planet Traveller မဂ္ဂဇင်း၏ Online စာဖတ်သူများမှ ၂၀၁၄ ခုနှစ် ဇူလိုင်လမှ စက်တင်ဘာလအတွင်း လေ့လာဆန်းစစ်ချက်များအပေါ် အခြေခံ၍ ဆုရွေးချယ်ပေးအပ်ခြင်းဖြစ်သည်။ Lonely Planet Traveller မဂ္ဂဇင်းမှ Destination Awards-International ခေါင်းစဉ်ဖြင့် အမျိုးအစား ကိုးမျိုးနှင့် Destination Awards For Thailand ခေါင်းစဉ်ဖြင့် ဆုအမျိုးအစား ၁၀ မျိုးတို့ကို ချီးမြှင့်ပေးအပ်ခြင်းဖြစ်ရာ မြန်မာနိုင်ငံမှ လက်ခံရရှိသော ဆုမှာ Destination Awards-International ခေါင်းစဉ်တွင် ပါဝင်သော ဆုအမျိုးအစားဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**







ပြည်တွင်းရေးရာ

# နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ရွှေစင်ရွှေပြားနှင့် လုံးတော်ပြည့်ရွှေဆေးသင်္ကန်းတော်ကပ်လှူပူဇော်နိုင်ရေး အလှူတော်ငွေ ပေးအပ်လှူဒါန်း

**နေပြည်တော် ဒီဇင်ဘာ ၂၃**

နေပြည်တော် ဥပ္ပါတသန္တိကုန်းတော်၌ တည်ထားကိုးကွယ်သော ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား ရွှေစင်ရွှေပြားနှင့် လုံးတော်ပြည့် ရွှေဆေးသင်္ကန်းတော် ကပ်လှူပူဇော်ရေးအတွက် အလှူတော်ငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် အဆိုပါစေတီတော်မြတ်ကြီး၏ အာရုံခံတန်ဆောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်က ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား ရွှေစင်ရွှေပြားနှင့် လုံးတော်ပြည့် ရွှေဆေးသင်္ကန်းတော်ကပ်လှူပူဇော်ရေးနှင့်စပ်လျဉ်း၍ သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ထို့နောက် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ကျင်းပရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ရုံးအဖွဲ့အစည်း၊ ဦးစီးဌာနများမှ အလှူရှင် ၅၂ ဦးတို့က အလေးချိန် တစ်ကျပ်သားရှိ ရွှေစင်ရွှေပြား ၉၅ ချပ်၊ တပ်မတော် (ကြည်း၊ ရေ၊ လေ)အလှူရှင်မိသားစုတို့က အလေးချိန် တစ်ကျပ်သားရှိ ရွှေစင်ရွှေပြား ၂၀၀ ချပ်၊ နေပြည်တော်ရှိ ကုမ္ပဏီ ၂၁ ခုနှင့် ဟိုတယ်သုံးခုတို့မှ အလေးချိန်တစ်ကျပ်သားရှိ ရွှေစင်ရွှေပြား ၁၂၄ ချပ်၊ စေတနာရှင်အလှူရှင် ၇၂ ဦးမှ အလေးချိန် တစ်ကျပ်သားရှိ ရွှေစင်ရွှေပြား ၈၇ ချပ် စုစုပေါင်း အလေးချိန် တစ်ကျပ်သားရှိ ရွှေစင်ရွှေပြား ၅၀၆ ချပ်နှင့် ရွှေဆေးသင်္ကန်းတော်လှူဒါန်းငွေကျပ် ၁၅၃ ဒသမ ၉၉ သိန်း စုစုပေါင်းရွှေစင်ရွှေပြားနှင့် ရွှေဆေးသင်္ကန်းတော်အလှူငွေကျပ် ၃၆၉၆ ဒသမ ၇၄ သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီး၊ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယကနှင့် တာဝန်ရှိသူများက လက်ခံကြပြီး အလှူရှင်များထံ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

စေတနာရှင် အလှူရှင်များအနေဖြင့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား ရွှေစင်ရွှေပြားနှင့် လုံးတော်ပြည့် ရွှေဆေးသင်္ကန်းတော် ကပ်လှူပူဇော်နိုင်ရန် နေပြည်တော်ကောင်စီဝင် ဦးသန်းဋ္ဌေး ဖုန်း-၀၉၄၉၂၃၆၄၄၄၊ ၀၆၇ ၅၅၀၂၁၂၊ နေပြည်တော်ကောင်စီဝင် ဦးကံချွန် ဖုန်း-၀၆၇ ၄၁၄၂၀၅၊ ဂေါပကအဖွဲ့ဝင် ဦးထွန်းကြည် ဖုန်း-၀၆၇ ၂၅၉၄၃၊ ၂၂၀၂၀ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။



**(သတင်းစဉ်)**



# မီးရထားသံလမ်းကူးသူများ စည်းကမ်းရှိစေချင်

**ပျော်ဘွယ် ဒီဇင်ဘာ ၂၃**

ရန်ကုန်-မန္တလေးလမ်းဟောင်းလမ်းမကြီး၏ လမ်းဘေးရှိ ပျော်ဘွယ်မြို့ မီးရထားသံလမ်းဂိတ်သည် လမ်းကျဉ်းပြီး ကုန်တင်ကားကြီးများ၊ ခရီးသည်တင်ကားများ၊ စက်ဘီး၊ ဆိုက်ကား၊ ဆိုင်ကယ်၊ ခြေကျင်ဖြတ်ကူးသူများဖြင့် အမြဲလိုလိုစည်ကားသည့် သံလမ်းကူးဂိတ်တစ်ခုဖြစ်သည်။

အဆိုပါသံလမ်းဂိတ်တွင် မီးရထားဖြတ်စဉ် သံလမ်းဂိတ်တံခါးပိတ်ထားပါက လမ်းတစ်ဖက်တစ်ချက်တွင် စောင့်ဆိုင်းယာဉ်တန်းကြီးမှာ လွန်စွာမှရှည်လျားသွားပြီး ထိုစောင့်ဆိုင်းယာဉ်တန်းကို အချိန်ကြာမြင့်စွာ မစောင့်ဆိုင်းလိုသည့် ခရီးသွားပြည်သူတချို့တို့မှာ မီးရထားလာနေစဉ် သံလမ်းဂိတ်တံခါးပိတ်ထားသော်လည်း စည်းကမ်းမဲ့စွာ အလုအယက်ဖြတ်ကူးလျက်ရှိသည်ကို တွေ့မြင်နေရသည်။ **(အပေါ်ပုံ)**

ထိုသို့ အလျင်လိုစွာဖြင့် မဆင်မခြင်စည်းကမ်းမဲ့စွာ ဖြတ်သန်းသွားလာမှုများသည် အများအမြင်တွင်မတင့်တယ်သလို မီးရထားဖြတ်သန်းစဉ် မလိုလားအပ်သည့် အသက်အန္တရာယ်နှင့် ဆိုးကျိုးများကြုံတွေ့ရတတ်ပြီး ယာဉ်မတော်တဆမှု၊ လမ်းမတော်တဆမှုများဖြစ်ပွားနိုင်သည်။

ထို့ကြောင့် ခုတ်မောင်းလာသည့် မီးရထားအတွက် အနှောင့်အယှက်မဖြစ်စေရေးနှင့် ယာဉ်မတော်တဆမှု၊ လမ်းမတော်တဆမှုများ မဖြစ်စေရေးအတွက် အများပြည်သူဘက်မှလည်း မီးရထားသံလမ်းကူးရာတွင် မဆင်မခြင် အလျင်လိုစွာ စည်းကမ်းမဲ့ဖြတ်ကူးခြင်းများကို မပြုလုပ်သင့်ဘဲ ဆင်ခြင်ရန် လိုအပ်လှပေသည်။

**ဇင်ဘို(ကြေးမုံ)**

# မြေအသုံးချမှုဆန်းစစ်ခြင်းနှင့် လူ့စွမ်းအားအရင်းအမြစ် စွမ်းဆောင်ရည်မြှင့်တင်ခြင်းလုပ်ငန်းများ အကောင်အထည်ဖော်ရန် စီစဉ်လျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၃**

၂၀၁၄ ခုနှစ်တွင် နိုင်ငံတော်အစိုးရအနေဖြင့် တတိယအဆင့် ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ရာတွင် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးနှင့် သစ်တောများ ပြုန်းတီးလာမှုတို့မှ ကာကွယ်ရန်အတွက် မူဝါဒလုပ်ငန်းစဉ်များရေးဆွဲကာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက ပြောကြားခဲ့သည်။

ထို့အပြင် သင်ကြားမှုနှင့်အတွေ့အကြုံကိုပေါင်းစပ်ကာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်ရေးတို့အတွက် စွမ်းဆောင်ရည်မြင့်မားသည့် ဝန်ထမ်းကောင်းများ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ ဆောင်ရွက်နေကြောင်း ပြင်ဦးလွင်မြို့ မြန်မာနိုင်ငံ သစ်တောကျောင်း၊ အခြေခံသစ်တောအမှတ်စဉ်(၁၁၀)၊ မြန်မာနိုင်ငံ မြေတိုင်းကျောင်း၊ အရာရှိ သင်တန်းအမှတ်စဉ်(၄၉)နှင့် အခြေခံမြေတိုင်းသင်တန်း အမှတ်စဉ်(၇၃)ဆင်းပွဲတွင် ပြောကြားသည်။


အဆိုပါ သင်တန်းဆင်းပွဲ၏ စစ်ရေးပြအခမ်းအနားကို ဒီဇင်ဘာ ၂၂ ရက် ပြင်ဦးလွင်မြို့ မြေတိုင်းကျောင်း၌ပြုလုပ်ရာ အခမ်းအနားတွင် "သစ်တော ပြုန်းတီးခြင်းကြောင့် ကာဗွန်ထုတ်လွှတ်မှုပမာဏသည် ကဏ္ဍအသီးသီးမှ ထုတ်လွှတ်မှု၏ ၁၇ ဒသမ ၄ ရာခိုင်နှုန်းခန့်ရှိနေသောကြောင့် ရာသီဥတုပြောင်းလဲမှု လျော့ပါးသက်သာရေးအတွက် ၂၀၁၄ ခုနှစ် ဧပြီလမှစ၍ သစ်အလုံးလိုက် တင်ပို့မှုများ ရပ်ဆိုင်းခဲ့သည့်အပြင် သစ်ထုတ်လုပ်ခြင်းမှ ဝင်ငွေရရှိအောင် ဆောင်ရွက်ခြင်း မပြုတော့ဘဲ ပြည်တွင်းလိုအပ်ချက်အတွက်သာ ထုတ်လုပ်သုံးစွဲမည် ဖြစ်ကြောင်း၊ တရားမဝင် သစ်ခိုးထုတ်နေမှုများကြောင့် သစ်တောသယံဇာတများ ပျက်စီးဆုံးရှုံးမှုမရှိစေရန် တရားဝင်သစ်ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် "သစ်တောဥပဒေ သက်ရောက်မှု၊ စီမံခန့်ခွဲမှုနှင့် ကုန်သွယ်မှုလုပ်ငန်းစဉ်"ကို ဥရောပသမဂ္ဂ၊ အာဆီယံနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

"သစ်တောနယ်မြေနှင့် သစ်နှင့် သစ်တောထွက်ပစ္စည်းများကို စီမံအုပ်ချုပ်ရာတွင်လည်း ပုဂ္ဂလိကပြည်သူနှင့် ဆက်စပ်လုပ်ငန်းရှင်များဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ခေတ်စနစ် အခြေအနေများကို လေ့လာသုံးသပ်ပြီး သစ်တောနယ်မြေများကို နှစ်ရှည်ငှားရမ်းခြင်း၊ ဖက်စပ်စီမံအုပ်ချုပ်ခြင်းများဖြင့် ပုဂ္ဂလိကအခန်းကဏ္ဍများကို မြှင့်တင်သွားမည်ဖြစ်ကြောင်း၊ သစ်တောထိန်းသိမ်းရေးနှင့်ပတ်သက်၍ FAO နှင့် ပူးပေါင်းပြီး မြန်မာနိုင်ငံအမျိုးသားသစ်တောသယံဇာတ ထိန်းသိမ်းကြီးကြပ်မှုစနစ် ချမှတ်ဆောင်ရွက်နိုင်ရန်အတွက် မြေအသုံးချမှုဆန်းစစ်ခြင်းနှင့် လူ့စွမ်းအားအရင်းအမြစ် စွမ်းဆောင်ရည်မြှင့်တင်ခြင်း လုပ်ငန်းများကို အကောင်အထည်ဖော်ရန် စီစဉ်လျက်ရှိကြောင်း။

"ထို့အပြင် မြေယာမဲ့ ပြည်သူများကို မြေအသုံးချခွင့်ပေးခြင်းဖြင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ်ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် မြေအသုံးချမှု မူဝါဒနှင့် မြေယာစီမံခန့်ခွဲရေးတို့တွင် စနစ်တကျဖြစ်စေရန် မိမိတို့ဝန်ကြီးဌာနကို Focal Ministry အဖြစ် တာဝန်ပေးအပ်ထားသည့်အတွက် အမျိုးသားမြေအသုံးချမှု မူဝါဒရေးဆွဲခြင်းလုပ်ငန်းကို အချိန်ကာလ၊ လုပ်ငန်းစဉ်များ သတ်မှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ဥပဒေစည်းမျဉ်း စည်းကမ်းများနှင့်အညီ မြေအသုံးချမှု စနစ်တကျဆောင်ရွက်ပြီး ရင်းနှီးမြှုပ်နှံသူများ၏ လိုအပ်ချက်များကို ဟန်ချက်ညီညီ စဉ်းစားရန်လိုအပ်သလို စီးပွားရေး၊ လူမှုရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အမြင်သုံးရပ်ပေါင်းစပ်ပြီး စနစ်တကျစီမံခန့်ခွဲသွားမှာဖြစ်ကြောင်း၊ သစ်တောကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများအတွင်း သီးနှံသစ်တောစနစ်ဖြင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများ တည်ထောင်ပေးသွားမည်ဖြစ်ကြောင်း၊ ကျောင်းဆင်းသင်တန်းသားများအနေဖြင့်လည်း နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ မြေတိုင်းကျောင်းမှ သင်ကြားပို့ချလိုက်သည့် မြေတိုင်းပညာအပြင် တီထွင်ကြံဆပြီး ခေတ်မီဆန်းသစ်သော မြေတိုင်းပညာရပ်များကို မျက်ခြည်မပြတ် လေ့လာဆည်းပူးကြရန်နှင့် သင်တန်းတက်ရောက်ပြီး ကျရာဒေသတွင် တာဝန်ဝတ္တရားများကို ကိုယ်ကျင့်တရား၊ စိတ်ဓာတ်၊ စာရိတ္တ၊ လုပ်ရည်ကိုင်ရည် ကောင်းမွန်စွာဖြင့် စေတနာထားဆောင်ရွက်သွားကြရန်" ပြည်ထောင်စုဝန်ကြီးက ပြောကြားခဲ့သည်။

ပြင်ဦးလွင်မြေတိုင်းကျောင်းသည် ၁၉၄၇ ခုနှစ်မှစတင်၍ ဖွင့်လှစ်ခဲ့ပြီး မြေတိုင်းသင်တန်းအမျိုးမျိုးနှင့် မြေတိုင်းပညာရပ်များကို သင်ကြားပို့ချခဲ့ရာ သက်တမ်း(၆၇)နှစ်ရှိပြီး ၁၉၄၈ ခုနှစ်မှ ယနေ့ထိ သင်တန်းသားဦးရေ စုစုပေါင်း ၁၁၉၇၀ ခန့် လေ့ကျင့်မွေးထုတ်ပေးခဲ့ပြီးဖြစ်သည်။

**(ခင်ဇာလီ)**



ရွှေ့ပြောင်းသွားလာ အလုပ်လုပ်ကိုင်ရာ ကြိုတင်လေ့လာ ဘေးကင်းကွာ

# သုံးခွမြို့၌ နယ်လှည့်သက်တမ်းတိုးလုပ်ငန်းများဆောင်ရွက်

**သုံးခွ ဒီဇင်ဘာ ၂၃**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်(ကညန)မှ ဒုဦးစီးမှူး ဒေါ်သဉ္ဇာအောင်နှင့် ဝန်ထမ်းအဖွဲ့သည် ဒီဇင်ဘာ ၂၀ ရက် နံနက် ၉ နာရီက သုံးခွမြို့နယ်အားကစားခန်းမဆောင်၌ အခြေပြု၍ ခရမ်း၊ သုံးခွမြို့နယ်ရှိ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်းများကို နယ်လှည့်၍ပြုလုပ်ပေးခဲ့ကြောင်း သိရှိရသည်။

ထို့ပြင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းသိရှိစေရေးနှင့် ယာဉ်တိုက်မှုလျော့နည်းစေရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

# တစ်ဦးချင်းဝင်ငွေစုဆောင်းသည့်စနစ်ထူထောင်နိုင်ရန် ဆောင်ရွက်လျက်ရှိ

ရေး-မင်းမင်းဇော်
(သတင်းစဉ်)
ဓာတ်ပုံ-ထိန်နန်နော်

**နေပြည်တော် ဒီဇင်ဘာ ၂၃**

သန့်ရှင်းသောအစိုးရ ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်တွင် ပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးမှုများအား ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ရန် နိုင်ငံတော်အစိုးရသည် ဦးစားပေးလုပ်ငန်းစဉ်(၇)ရပ်အဖြစ် လျှပ်စစ်မီးရရှိရေး၊ သန့်ရှင်းသည့်သောက်သုံးရေရရှိရေး၊ စိုက်ပျိုးရေး၊ အလုပ်အကိုင်ရရှိရေး၊ ခရီးသွားလုပ်ငန်း၊ ငွေကြေးလုပ်ငန်း၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုစသည့် ကဏ္ဍများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံ့ဝန်ထမ်းများနှင့် ပတ်သက်၍လည်း လစာတိုးမြှင့်ပေးနိုင်ရေးနှင့် ဝန်ထမ်းမိသားစုများ၏ ပညာရေး၊ ကျန်းမာရေးနှင့် နေထိုင်ရေးဆိုင်ရာ သုံးစွဲကုန်ကျစရိတ်များ အထောက်အပံ့ဖြစ်စေမည့် အစီအမံများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ အကောင်အထည်ဖော်ဆောင်ရွက်ပေးနေမှုများနှင့် ပတ်သက်သည့် အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ နိုင်ငံ့ဝန်ထမ်းများအား တွေ့ဆုံပွဲအခမ်းအနားတွင် တွေ့ဆုံမေးမြန်းနိုင်ခဲ့သမျှအား ပြန်လည်ရေးသားတင်ပြလိုက်ရပါသည်။

**ဦးလှထွန်း**
**ပြည်ထောင်စုဝန်ကြီး**
**သမ္မတရုံးဝန်ကြီးဌာန**

ဝန်ထမ်းတွေ လစာတိုးပေးဖို့ဆိုတာကို လက်ရှိလည်း စီစဉ်ဆောင်ရွက်နေပါတယ်။ ဒီလိုစီစဉ်ဆောင်ရွက်နေတဲ့နေရာမှာ ဝန်ထမ်းလစာ တိုးပေးတယ်ဆိုတာ ကျွန်တော်တို့ရဲ့ လက်ရှိမိုက်ခရိုစီးပွားရေးအခြေအနေတွေ၊ နိုင်ငံတော်ရဲ့ ငွေကြေးလည်ပတ်မှုအခြေအနေတွေ၊ ကုန်ဈေးနှုန်းနဲ့ နိုင်ငံတော်ရဲ့ရငွေ၊ သုံးငွေတွေကို အခြေခံပြီးတွက်ရမှာ ဖြစ်ပါတယ်။ ဒီလိုတွက်တဲ့နေရာမှာ အသေးစိတ်ကို ပညာရှင်တွေနဲ့ ပေါင်းစပ်ပြီးတော့ လေ့လာတွက်ချက်ရမှာ ဖြစ်ပါတယ်။ ဘာဖြစ်လို့လေ့လာရသလဲဆိုရင် လစာတိုးပေးလိုက်တိုင်းမှာ နိုင်ငံ့ဝန်ထမ်းအင်အားဟာ နိုင်ငံတော် လူဦးရေရဲ့ နှစ်ရာခိုင်နှုန်းပဲရှိပါတယ်။ ကျန် ၉၈ ရာခိုင်နှုန်းဟာ ပြည်သူလူထုတွေ ဖြစ်ပါတယ်။ ဒီပြည်သူလူထုတွေ အပေါ်မှာလည်း အကျိုးသက်ရောက်မှုတွေရှိလာနိုင်ပါတယ်။ ဝန်ထမ်းလစာတိုးတော့မယ်ဆိုတာနဲ့ ကုန်ဈေးနှုန်းတက်လာတာကို တွေ့ရတယ်။ ဒီလို ကုန်ဈေးနှုန်းတွေ တက်လာတာဟာ သမားရိုးကျဖြစ်တာလား၊ လူတွေက လောဘတက်ပြီး ဖန်တီးလို့ဖြစ်လာတာလား။ ဒီလိုတွေ မဖြစ်အောင် ဘယ်လိုကာကွယ်မလဲ။ ဒါတွေကိုလည်း ထည့်သွင်းတွက်ချက်ရမှာ ဖြစ်ပါတယ်။ တွက်ချက်တဲ့အပေါ်မှာ မူတည်ပြီးတော့ စီးပွားရေးအခြေအနေတွေ၊ နိုင်ငံတော်ရဲ့ ငွေကြေးလည်ပတ်မှုအခြေအနေတွေနဲ့ ပေါင်းစပ်ပြီး ဘယ်လောက်ပေးသင့်သလဲ။ ဘယ်လောက် ထိုက်သင့်သလဲဆိုတာကို စဉ်းစားပြီး ဆောင်ရွက်မယ်ဆိုရင် နိုင်ငံတော်အတွက်လည်း အကျိုးရှိမှာ

ဖြစ်ပါတယ်။ ဝန်ထမ်းတွေအတွက်လည်း အကျိုးရှိမှာဖြစ်သလို တိုင်းပြည်အတွက်လည်း အကျိုးရှိမှာဖြစ်ပါတယ်။ သက်ဆိုင်ရာဘဏ္ဍာရေးဝန်ကြီးဌာနက ဒါတွေကိုတွက်ချက်ပြီး ဆောင်ရွက်သွားနေပါတယ်လို့ ပြောလိုပါတယ်။ ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတွေမှာ တစ်ဦးချင်းဝင်ငွေ စုဆောင်းတဲ့စနစ်



ဦးလှထွန်း
ပြည်ထောင်စုဝန်ကြီး။

ထူထောင်ကြပါတယ်။ တစ်ဦးချင်း ထည့်ဝင်စုဆောင်းတဲ့ ငွေတွေဟာ တစ်ချိန်မှာ ပြန်ပြီးအကျိုးပြုလာမှာ ဖြစ်ပါတယ်။ မိုက်ခရိုစီးပွားရေးကိုလည်း အထောက်အကူပြုမှာ ဖြစ်ပါတယ်။ ဒီလိုစုဆောင်းထူထောင်ဆိုတဲ့ နေရာမှာ နိုင်ငံတော်အစိုးရက ထည့်ဝင်တာရှိပါတယ်။ ပုဂ္ဂလိကဝန်ထမ်းတွေဆိုရင်လည်း အလုပ်ရှင်က ထည့်ဝင်ရပါတယ်။ ဒီလိုစုဆောင်းထားတဲ့အတွက် ပင်စင်ယူတဲ့အခါမှာ စုဆောင်းထားတဲ့ငွေတွေနဲ့ နိုင်ငံတော်က ထည့်ဝင်တဲ့ငွေတွေပေါင်းစပ်ပြီး ပင်စင်ကို အထောက်အကူပေးလို့ရမှာဖြစ်ပါတယ်။ အိမ်ရာထူထောင်ရေးလုပ်ငန်းတွေ ဆောင်ရွက်နေတာရှိပါတယ်။ အဲလို ထိုက်သင့်တဲ့စုဆောင်းထားတဲ့ငွေတွေနဲ့၊ ရတဲ့ပိုက်ဆံတွေနဲ့ အိပ်ခန်း တစ်ခန်း၊ နှစ်ခန်း၊ သုံးခန်းပါတဲ့တိုက်ခန်းတွေ ဝယ်ယူနေထိုင်မယ်ဆိုရင် ပင်စင်သွားတဲ့ ဝန်ထမ်းတွေ အခြေအနေမဲ့ မဖြစ်တော့ပါဘူး၊ ဒါကြောင့် ကျွန်တော်တို့က တစ်ဦးချင်းဝင်ငွေထူထောင်တဲ့စနစ်ကို ကြိုးစားနေတာဖြစ်ပါတယ်။ ဒီလိုထူထောင်တဲ့နေရာမှာ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ မတူပါဘူး။ ကျွန်တော်တို့နိုင်ငံရဲ့ စီးပွားရေး၊ လူနေမှုတွေနဲ့ လူမှုရေးအခြေအနေ၊ နိုင်ငံတကာပညာရှင်တွေနဲ့ ပေါင်းစပ်ပြီး ရေးဆွဲဖို့လိုပါတယ်။ ဒါကိုလည်း စီမံဆောင်ရွက်နေပါတယ်။ ဥပဒေထုတ်ပြန်ဖို့လည်း လိုပါတယ်။ ဥပဒေရေးဆွဲပြီးရင် ပြည်ထောင်စုလွှတ်တော်ကို တင်ရမှာဖြစ်ပြီး ပြည်ထောင်စုလွှတ်တော်က အတည်ပြုရင် ကျွန်တော်တို့က အကောင်အထည်ဖော်ဖို့ ဖြစ်ပါတယ်။

**ဒေါ်ဝင်းမော်ထွန်း**
**ဒုတိယဝန်ကြီး**
**အလုပ်သမား၊ အလုပ်အကိုင်နှင့်**
**လူမှုဖူလုံရေးဝန်ကြီးဌာန**

ဒီတွေ့ဆုံပွဲမှာ လူမှုဖူလုံရေးနဲ့ပတ်သက်ပြီး အဓိကပြောလိုတာက နိုင်ငံ့ဝန်ထမ်းတွေ၊ ပြင်ပပုဂ္ဂလိကဝန်ထမ်းတွေအပါအဝင် ပြည်သူလူထု

ကိုပါ ငွေကြေးကို ထည့်ဝင်ငွေထည့်ပြီး စုဆောင်းတတ်ဖို့ လိုလာပြီလို့ မြင်ပါတယ်။ လူ့သဘာဝအရ ငယ်ရွယ်စဉ်မှာ လောကဓံရဲ့ ကောင်းကျိုး၊ ဆိုးကျိုးတွေကိုခံနိုင်ပေမယ့် အသက်အရွယ်ကြီးရင့်လာတဲ့အခါမှာ အိမ်ရာနဲ့ ကျန်းမာရေး စောင့်ရှောက်မှုတွေ၊ နေထိုင်စားသောက်မှုစရိတ်နဲ့ ပုံမှန်



ဒေါ်ဝင်းမော်ထွန်း
ဒုတိယဝန်ကြီး။

ဝင်ငွေတွေ လိုလာပါမယ်။ ဒီလို လိုလာတာတွေကို ကြိုတင်စုဆောင်းထားခဲ့ရင် ဘဝနောင်ရေးအတွက် စိတ်အေးစရာပဲဖြစ်ပါတယ်။ ဒါကြောင့် ဒီတွေ့ဆုံပွဲမှာ လူမှုဖူလုံရေးဆိုတဲ့စီမံကိန်းဟာ တစ်ကမ္ဘာလုံးမှာ ကျင့်သုံးနေပါတယ်လို့ ပြောလိုပါတယ်။ နိုင်ငံ့ဝန်ထမ်းတွေရော အများပြည်သူတွေပါ ပါဝင်နိုင်ပြီး ဘဝနောင်ရေးစိတ်အေးစေဖို့အတွက် ထည့်ဝင်စုဆောင်းကြပါလို့ ဆွေးနွေးပေးတာဖြစ်ပါတယ်။ နိုင်ငံ့ဝန်ထမ်းတွေအတွက် နောင်ရေးစိတ်အေးဖို့လုပ်မယ်ဆိုရင် ငွေကြေးစုဆောင်းတတ်တာအကောင်းဆုံးပါပဲ။ လူမှုဖူလုံရေးအာမခံကြေးဆိုတဲ့ စုဆောင်းမှုဟာ ဘဝရဲ့တစ်ဝက်စာလောက်ကို အာမခံချက်ပေးနိုင်တဲ့အခြေအနေမှာ ရှိနေပါတယ်။ ဒီလိုစုဆောင်းတဲ့စနစ်ပေါ်လာမယ်ဆိုရင် နိုင်ငံ့ဝန်ထမ်းတွေ၊ ပြင်ပဝန်ထမ်းတွေ၊ အများပြည်သူတွေဟာ အသက်အရွယ်ကြီးရင့်လာတာနဲ့အမျှ ခံစားရမှုပိုနိုင်တဲ့အပိုင်းရှိတဲ့အတွက် စုဆောင်းစေချင်ပါတယ်။

**ဒေါက်တာဒေါ်သိန်းသိန်းဌေး**
**ဒုတိယဝန်ကြီး**
**ကျန်းမာရေးဝန်ကြီးဌာန**

နိုင်ငံတော်ကနေ ကျန်းမာရေးအသုံးစရိတ်တွေ တိုးမြှင့်ပေးခြင်းဖြင့် နိုင်ငံ့ဝန်ထမ်းတွေ ကျန်းမာရေးမကောင်းတဲ့ အသုံးစရိတ်တွေကုန်ကျမှုကို ဘယ်လိုအကာအကွယ် လုပ်ထားတယ်ဆိုတာ တင်ပြဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဝန်ထမ်းတွေ မကျန်းမမာဖြစ်တဲ့အခါ တိုးတဲ့လစာနဲ့မကာမိဘဲ ထုတ်သုံးရတဲ့ငွေတွေ ပိုကုန်ကျပြီး စိတ်မချမ်းမသာဖြစ်မယ်၊ မိသားစုတွေရဲ့ ပညာရေး၊ စီးပွားရေးတွေကိုလည်း ထိခိုက်နိုင်ပါတယ်။ ဒါမျိုးတွေမဖြစ်အောင် ဝန်ထမ်းတွေနေထိုင်မကောင်းဖြစ်တဲ့အခါ ငွေကုန်ကြေးကျ ဖိစီးမှုမရှိဘဲ စိတ်ချမ်းချမ်းသာသာနဲ့ ကျန်းမာရေး စောင့်ရှောက်မှုတွေရအောင် စီစဉ်ဆောင်ရွက်နေတာဖြစ်ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ ရောဂါတွေကာကွယ်ဖို့

အသိပညာပေးတာတွေ၊ ထိရောက်တဲ့ကုသမှုတွေ ဆောင်ရွက်ပေးနေပါတယ်။

**ဦးခင်မောင်ဝင်း**
**ညွှန်ကြားရေးမှူးချုပ်**
**လျှပ်စစ်စွမ်းအားဦးစီးဌာန**

လစာတိုးမယ်ဆိုတဲ့ ကိစ္စက သာမန်မဟုတ်ပါဘူး။ လစာတိုးမယ်



ဒေါက်တာဒေါ်သိန်းသိန်းဌေး
ဒုတိယဝန်ကြီး

ဆိုတဲ့ အစီအစဉ်မှာ စုဆောင်းတဲ့ကိစ္စတွေပါလာတယ်။ ဝန်ထမ်းတွေ အငြိမ်းစားယူပြီး နောက်ပိုင်းမှာ ကိစ္စတွေဖြစ်တဲ့ နေထိုင်စားသောက်ရေးနဲ့ ဝန်ထမ်းမိသားစုတွေဆက်လက်ရှင်သန်ဖို့ လုပ်ဆောင်ပေးတာဖြစ်တဲ့အတွက် ဒါဟာအင်မတန်ကောင်းတဲ့ အစီအစဉ်ဖြစ်ပါတယ်။ သာမန်လစာတိုးပေးတာထက်ကို ကောင်းတဲ့ အစီအစဉ်ပဲဖြစ်ပါတယ်။ အခုလို အစီအစဉ်တွေ ဆောင်ရွက်ပေးခြင်းဖြင့် သန့်ရှင်းတဲ့အစိုးရဖြစ်တယ်ဆိုတာကို ပိုမိုဖော်ဆောင်တာဖြစ်ပါတယ်။

နိုင်ငံ့ဝန်ထမ်းဆိုတဲ့အတိုင်း နိုင်ငံ့ဝန်ကို ထမ်းရမှာဖြစ်ပါတယ်။ နိုင်ငံ့ဝန်ထမ်းဆိုတာနဲ့တန်အောင် နိုင်ငံတော်က ပံ့ပိုးတယ်။ အဲဒါနဲ့တန်အောင် မိမိအဆင့်အတန်းအလိုက် မိမိတို့ရဲ့ စွမ်းအားတွေကို အစွမ်းကုန်ဆောင်ရွက်သင့်ပါတယ်။ အခုလို တွေ့ဆုံပွဲတွေ များများလုပ်၊ ဝန်ထမ်းတွေနဲ့ များများတွေ့ဆုံရင် နိုင်ငံတော်ရဲ့ဆောင်ရွက်ပေးနေမှုတွေကို ဝန်ထမ်းတွေ အချင်းချင်း ပိုမိုသိလာ၊ ပိုမိုစည်းလုံးလာမှာဖြစ်ပါတယ်။ ပိုပြီးအောင်မြင်တဲ့လမ်းကြောင်းပေါ် ရောက်လာမှာဖြစ်ပါတယ်။ ကျွန်တော့်ဌာနကို ပြန်ရောက်ရင် ဒီတွေ့ဆုံပွဲက အကြောင်းအရာတွေ အားလုံးကို ပြန်လည်ရှင်းလင်း အသိပေးသွားမှာဖြစ်ပါတယ်။

**ဦးကိုလေးဝင်း**
**ညွှန်ကြားရေးမှူး**
**ပညာရေးဝန်ကြီးဌာန**

ဒီနေ့တွေ့ဆုံပွဲကို တက်ရောက်ရတဲ့အတွက် ကျွန်တော် တော်တော်ကြီး ကျေနပ်မိပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးနဲ့ပတ်သက်ပြီး နိုင်ငံတော်



ဦးကိုလေးဝင်း (ညွှန်ကြားရေးမှူး)
ပညာရေးဝန်ကြီးဌာန

အစိုးရက စေတနာအမှန်နဲ့ ပြည်သူပြည်သားတွေအပါအဝင် ဝန်ထမ်းတွေအတွက်ပါ စေတနာထားလုပ်ပေးနေတယ်ဆိုတာကို သိလိုက်ရတဲ့အတွက် အများကြီးအကျိုးရှိပါတယ်။ အခြေခံပညာကို ကလေးတိုင်းသင်ယူနိုင်ဖို့အတွက် မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့်တွေကို အခမဲ့ပညာရေးစနစ် ဆောင်ရွက်ပေးနေတယ် ဆိုတာကိုလည်း သိရပါတယ်။ ပညာသင်ထောက်ပံ့ကြေး၊ ပညာသင်ဆုနဲ့ ကျောင်းထောက်ပံ့ကြေးတွေကိုလည်း နှစ်စဉ်တိုးမြှင့်ပြီး ပညာအရည်အသွေးတိုးတက်လာအောင် ဆောင်ရွက်ပေးနေပါတယ်။ လစာတိုးတာရဲ့ နောက်ကွယ်မှာ ဘာတွေဖြစ်လာနိုင်တယ်ဆိုတဲ့ သက်ရောက်မှုတွေကို ရှင်းပြပေးတာလည်း တော်တော်ကောင်းပါတယ်။ နိုင်ငံတိုးတက်ဖို့အတွက် ပညာရေးရင်းနှီးမြှုပ်နှံမှုဟာလည်း အဓိကအရေးကြီးပါတယ်။ ထာဝရ ရေရှည်တိုးတက်ဖို့အတွက် ပညာရေး ရင်းနှီးမြှုပ်နှံမှုဟာ အကောင်းဆုံးဖြစ်ပါတယ်။

**ဦးခင်မောင်ကြီး**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**

အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်တွေနဲ့ ပတ်သက်လို့ နိုင်ငံ့ဝန်ထမ်းတွေကို ချပြရှင်းလင်းတာဟာ အင်မတန်ကောင်းမွန်ပါတယ်။ ဝန်ထမ်းတွေအပြင် ပြည်သူလူထုတွေအပေါ်မှာပါ ကောင်းကျိုးတွေ အမြောက်အမြား သက်ရောက်မှာပါ။ လစာတိုးမြှင့်မယ်ဆိုတာ ဝန်ထမ်းတွေ မျှော်လင့်နေတဲ့ အရာတစ်ခုပါ။ လစာတိုးပြီး ကုန်ဈေးနှုန်း တည်ငြိမ်အောင်လုပ်ဖို့ အဓိကအချက်ဖြစ်ပါတယ်။ ကျွန်တော်တို့ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့လည်း တစ်တိုင်းပြည်လုံးဝန်ကြီးဌာနအသီးသီးကိုစုစည်းပြီးတော့ အမှုထမ်းတွေကို သင့်တင့်မျှတစွာ ပေးနိုင်တဲ့ဈေးနှုန်းနဲ့ နေထိုင်ခွင့်ရရှိအောင် ဆောင်ရွက်ပေးနေပါတယ်။

နိုင်ငံတော်အစိုးရက ဆောင်ရွက်ပေးနေတာတွေအပေါ် ကျွန်တော်တို့ဝန်ထမ်းတွေက ထင်သာမြင်သာစွာ လိုက်နာစောင့်ထိန်းအကောင်အထည်ဖော်ဆောင်ရွက်မယ်ဆိုရင် အများကြီးကောင်းပါတယ်။ ။

## ကျိုင်းတုံနယ်စပ်ကုန်သွယ်ရေးစခန်း Mobile Team မှ သိမ်းဆည်းရမိသော တရုတ်နိုင်ငံထုတ် ဘီယာများ ဖျက်ဆီး

**ကျိုင်းတုံ ဒီဇင်ဘာ ၂၃**

တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေးဗဟိုကော်မတီ ကွပ်ကဲမှုအောက်ရှိ ကျိုင်းတုံနယ်စပ်ကုန်သွယ်ရေးစခန်း Mobile Team မှ သိမ်းဆည်းရမိသော တရုတ်နိုင်ငံထုတ် ဘီယာများဖြစ်သည့် Jin Shun Hong Yan Beer (1×630ML×12) ၁၉၅ ဖာ၊ ကွမ်းပင်ဘီယာ (1×620ML×12) ၁၈၅ ဖာ၊ ဟုန်ဟော်ဘီယာ (1×620ML×12) ၁၇၅ ဖာ စုစုပေါင်း ၅၅၅ ဖာ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၄၂၀၈၀၀)အား ဒီဇင်ဘာ ၂၁ ရက် နံနက် ၉ နာရီတွင် ဒုတိယညွှန်ကြားရေးမှူး ဦးစိုးဝင်းမောင် ဦးဆောင်သော အကောက်ခွန်ဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြန်/ဆက် ဦးစီးဌာန၊ ကျိုင်းတုံမြို့နယ် ကုန်သည်ကြီးများအသင်း၊ မြို့နယ်ထွေ/အုပ် တို့ပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့် ဘီယာတစ်ပုလင်းစီအား အဖုံးဖွင့်၍ မြေတွင်းထဲသို့ မှောက်သွန်ဖျက်ဆီးခဲ့ကြောင်း သိရသည်။

**ကျော်ဆန်းမြင့်(ပြန်/ဆက်)**

ရှင်တစ်ထောင်ဆရာတော်(စစ်တွေ)၏
(၈)ကြိမ်မြောက်
ရှင်၊ ရဟန်း အပါး(၅၀၀) အလှူတော်မင်္ဂလာ

ရခိုင်ပြည်နယ်၊ စစ်တွေမြို့ ခေမာဝသကျောင်းတိုက် ရှင်တစ်ထောင်ဆရာတော် ဘဒ္ဒန္တအဂ္ဂဝံသ(ဓမ္မာစရိယ+မဟာသဒ္ဓမ္မဇောတိကဓဇ) ကြီးမှူးသော ရှင်၊ ရဟန်း အပါး(၅၀၀) အလှူတော်မင်္ဂလာအခမ်းအနားကို ဘူးသီးတောင်မြို့နယ်၊ မောင်တောမြို့နယ်တို့မှ ဒေသခံတိုင်းရင်းသားရှင်၊ ရဟန်းလောင်းများကို စုပေါင်း၍ မောင်တောမြို့၊ မြို့မအားကစားကွင်း(ဗဟိုမဏ္ဍပ်)ကြီးတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ အဆင့်ဆင့်အထောက်အပံ့အကူအညီဖြင့် (၁၃၇၆ခုနှစ်၊ ပြာသိုလဆန်း ၈ရက်) ၂၈-၁၂-၂၀၁၄ ရက် (တနင်္ဂနွေနေ့)၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။

ကြည်ညိုသဒ္ဓါပွားများလိုသော စေတနာရှင်များ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။
ဆက်သွယ်လှူဒါန်းရန်-
ဆရာတော်ဘဒ္ဒန္တအဂ္ဂဝံသ(စစ်တွေ)၀၉-၄၃၁၈၄၆၀၀၊ ဦးခင်မောင်သန်း(စစ်တွေ)၀၉-၄၁၀၀၀၀၁၆၊
ဦးစိန်ထွန်းသာ(စစ်တွေ)၀၉-၂၅၀၈၂၈၆၂၀၊ ဦးဇော်အေးမောင်(ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး၊ ရန်ကုန်)၀၉-၅၁၄၀၄၀၇၊
ဒေါ်စောခင်တင့်(ရန်ကုန်)၀၁-၇၀၉၇၈၅

## ပြည်တွင်းရေးရာ

### ☆ ရှေ့ဖုံးမှ

လျှပ်စစ်မီး၊ သောက်သုံးရေ၊ စိုက်ပျိုးရေး၊ အလုပ်အကိုင်ရရှိရေး၊ ခရီးသွားလုပ်ငန်း၊ ငွေကြေးလုပ်ငန်း၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုစသည့် ကဏ္ဍများအား တိုင်းဒေသကြီး/ပြည်နယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ထို့အပြင် နိုင်ငံ့ဝန်ထမ်းများကို လစာတိုးမြှင့်ပေးနိုင်ရေးနှင့် ဝန်ထမ်းမိသားစုများ၏ ပညာရေး၊ ကျန်းမာရေး၊ နေထိုင်ရေးဆိုင်ရာ သုံးစွဲကုန်ကျစရိတ်များကို အထောက်အပံ့ဖြစ်စေနိုင်မည့် အစီအမံများကိုလည်း အစိုးရအနေဖြင့် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

နိုင်ငံ့ဝန်ထမ်းလစာနှင့် ပတ်သက်၍ ပြောရမည်ဆိုပါက မိမိတို့ အစိုးရသစ်လက်ထက်တွင် ၂၀၁၁ ခုနှစ် ဇူလိုင် ၁ ရက်က အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများ၏ ပင်စင်လစာများ တိုးမြှင့်ခြင်း၊ ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်က နိုင်ငံ့ဝန်ထမ်းများအား အပိုထောက်ပံ့ကြေးခွင့်ပြုပေးခြင်း၊ ၂၀၁၃ ခုနှစ် ဧပြီ ၁ ရက်နှင့် ၂၀၁၄ ခုနှစ် ဧပြီ ၁ ရက်တို့တွင် နိုင်ငံ့ဝန်ထမ်းများ၏ လစာနှုန်းထားများကို ပြင်ဆင်တိုးမြှင့်သတ်မှတ်ပေးခဲ့ခြင်းကို အားလုံးအသိပင်ဖြစ်ပါကြောင်း၊ ယခုလည်း နိုင်ငံ့ဝန်ထမ်းများအတွက် လစာတိုးမြှင့်ခြင်းကိစ္စကို လာမည့်ဘဏ္ဍာရေးနှစ်မှစတင်ကာ အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ရန်အတွက် အသေးစိတ်တွက်ချက်ဆောင်ရွက်လျက်ရှိနေသည်ကို ဝမ်းမြောက်ဖွယ်ပြောကြားလိုပါကြောင်း။

ယင်းသို့ နိုင်ငံ့ဝန်ထမ်းလစာများ တိုးမြှင့်ပေးသည့်အခါတိုင်းတွင် အခြေခံစားကုန်များအပါအဝင် ကုန်ဈေးနှုန်းများမြင့်တက်ခဲ့သည်ကို တွေ့ရပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းများသည် ပုံမှန်ဝင်ငွေရရှိနေသူများဖြစ်ပြီး ဘဝနောင်ရေးအတွက် အငြိမ်းစားလစာကို မှီခိုအားထားနေရသူများဖြစ်ပါကြောင်း၊ ပုဂ္ဂလိကဝန်ထမ်းများအနေဖြင့်လည်း အငြိမ်းစားလစာမရသည်ကလွဲ၍ ပုံမှန်လစာဝင်ငွေရရှိသူများပင်ဖြစ်ပါကြောင်း၊ ဝန်ထမ်းမဟုတ်သည့် လယ်သမား၊ အလုပ်သမား၊ ဈေးရောင်း၊ လက်လုပ်လက်စား စသည့် အခြေခံလူတန်းစားအမျိုးမျိုးသည်လည်း နေ့စဉ်ရှာဖွေလုပ်ကိုင်နိုင်မှုအပေါ် မူတည်ပြီး ဝင်ငွေရရှိကာ ခြိုးခြံချွေတာသုံးစွဲနေရသည့်အတွက် အခြေခံစားသောက်ကုန်ဈေးနှုန်းများ မြင့်တက်လာမှုဒဏ်ကို ခံနိုင်ရည်ရှိရန်ကိစ္စမှာ လွန်စွာခန့်မှန်းရခက်ပါကြောင်း၊ ထို့အတွက် ပုဂ္ဂလိကကဏ္ဍတွင်ရှိသည့် အလုပ်သမားများအပေါ်တွင်လည်း အကျိုးသက်ရောက်မှုရှိနိုင်ခြင်းကြောင့် ပုဂ္ဂလိကကဏ္ဍတွင်ရှိသည့် လုပ်ခ၊ လစာအခြေအနေအပြင် ပြည်သူလူထုတစ်ဦးချင်း၏ ပျမ်းမျှဝင်ငွေသည် ဖြစ်ပေါ်လာမည့်အခြေအနေနှင့် လိုက်လျောညီထွေရှိရန်ကိုလည်း ထည့်သွင်းစဉ်းစားရန်လိုအပ်ပါကြောင်း။

နိုင်ငံ့ဝန်ထမ်းများလစာတိုးပေးမည့် အသံထွက်လာတိုင်း ကုန်ဈေးနှုန်းက အရင်ခုန်ခုန်တက်နေသည်ကိုတွေ့ရပါကြောင်း၊ ပြန်ကြည့်မည်ဆိုပါက နိုင်ငံ့ဝန်ထမ်းအင်အားသည် တစ်တိုင်းပြည်လုံး၏ နှစ်ရာခိုင်နှုန်းသာရှိပြီး ကျန်ကိုးဆယ့်ရှစ်ရာခိုင်နှုန်းမှာ ပြည်သူများဖြစ်သည့်အတွက် ကုန်ဈေးနှုန်းတက်လျှင် ခံစားရမည့်သူမှာ ပြည်သူပင်ဖြစ်သည့်အတွက် စာနာဖို့လိုပါကြောင်း၊ ပြည်သူကို အလုပ်အကျွေးပြုမည့်သူများသည် ပြည်သူအတွက် ဒုက္ခများစေမည့်ကိစ္စများကို သတိကြီးစွာ ထားရှိဆောင်ရွက်ဖို့လိုမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် ပြည်သူများ၏ အကျိုးစီးပွားကို မထိခိုက်စေရန် သို့မဟုတ် ထိခိုက်မှုအနည်းဆုံးဖြစ်စေမည့်နည်းလမ်းကို ဆောင်ရွက်ရန်မှာ လွန်စွာအရေးကြီးသည့်အချက်တစ်ခုဖြစ်သည်ကို ပြောကြားလိုပါကြောင်း၊ အစိုးရအနေဖြင့်လည်း ဝန်ထမ်းများ၏ လစာနှုန်းထားတိုးမြှင့်ရေးကို အထူးအလေးထားကာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ လစာနှုန်းထားတိုးမြှင့်ရေးနှင့်အတူ ဝန်ထမ်းများ အငြိမ်းစားယူပြီးသည့်အခါ ကိုယ်ပိုင်အိမ်နှင့် နေထိုင်နိုင်ရေး၊ ကျန်းမာရေးနှင့် ဝင်ငွေဆိုင်ရာ သုံးစွဲကုန်ကျမှုများကို အထောက်အပံ့ဖြစ်စေနိုင်မည့် အစီအမံများကိုလည်း ဖော်ဆောင်သွားမည်ဖြစ်ပါကြောင်း။

ယင်းသို့ အစီအမံများကိုဖော်ဆောင်မှုသည် နိုင်ငံဖွံ့ဖြိုးမှုအတွက် ရေရှည်ခိုင်မာသည့် အုတ်မြစ်ကောင်းတစ်ခုကို ချမှတ်ပေးနိုင်ရန်အတွက်ပင်ဖြစ်ပါကြောင်း၊ မိမိတို့အစိုးရအနေဖြင့် နိုင်ငံ့ဝန်ထမ်းများအတွက် ကူညီပံ့ပိုးရေးဆိုင်ရာအစီအမံများကို အကောင်အထည်ဖော်သည့်နေရာတွင် လစာတိုးမြှင့်ခြင်းနည်းလမ်းတစ်ခုတည်းသာမဟုတ်ဘဲ နောင်ရေးအထောက်အကူပြုနိုင်မည့် အစီအစဉ်များကိုလည်း စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းအစီအစဉ်များသည် နိုင်ငံတကာတွင် အောင်မြင်စွာကျင့်သုံးနေသည့်ပုံစံများ၊ အတွေ့အကြုံများအပေါ်တွင် အခြေခံထားခြင်းဖြစ်ပြီး ပြည်သူတို့၏အကျိုးစီးပွားကို ဘေးထွက်ဆိုးကျိုးသက်ရောက်မှုအနည်းဆုံးဖြစ်စေမည့် ဝင်ငွေစုဆောင်းသည့် ရန်ပုံငွေစနစ်တစ်ခုကို ထူထောင်သွားမည်ဖြစ်ပါကြောင်း။

**ဝန်ထမ်းမဟုတ်သည့် လယ်သမား၊ အလုပ်သမား၊ ဈေးရောင်း၊ လက်လုပ်လက်စားစသည့် အခြေခံလူတန်းစားအမျိုးမျိုးသည်လည်း နေ့စဉ်ရှာဖွေလုပ်ကိုင်နိုင်မှုအပေါ်မူတည်ပြီး ဝင်ငွေရရှိကာ ခြိုးခြံချွေတာသုံးစွဲနေရသည့်အတွက် အခြေခံစားသောက်ကုန်ဈေးနှုန်းများ မြင့်တက်လာမှုဒဏ်ကို ခံနိုင်ရည်ရှိရန်ကိစ္စမှာ လွန်စွာခန့်မှန်းရခက်**

ယင်းရန်ပုံငွေစနစ်သည် မြန်မာနိုင်ငံဆိုင်ရာ လူတစ်ဦးချင်းဝင်ငွေစုဆောင်းသည့် စနစ်ဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းများ အငြိမ်းစားယူသည့်အခါ ကိုယ်ပိုင်အိမ်ရာဖြင့် နေထိုင်နိုင်ရေးကိုဦးတည်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားရန် စီစဉ်လျက်ရှိပါကြောင်း၊ အကျိုးဆက်အနေဖြင့် ဝန်ထမ်းများသည် နိုင်ငံတော်၏ ထောက်ပံ့မှုကိုပြည့်ဝစွာခံစားရရှိနိုင်မည်ဖြစ်ပြီး ယင်းစုဆောင်းငွေဖြင့်ပင် နေစရာအတွက် ပူပင်စရာမလို၊ မိမိတို့၏ရင်သွေးငယ်များအတွက် ပညာရေး၊ ကျန်းမာရေး စသည့်ကိစ္စရပ်များအတွက် စိတ်ချမ်းမြေ့ဖွယ် လူမှုပတ်ဝန်းကျင်တစ်ခုကို ဖန်တီးဖော်ဆောင်နိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်က ကျန်းမာရေးကဏ္ဍအတွက် အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကို ကျင့်သုံးလျက်ရှိပြီး နှစ်စဉ်ဘတ်ဂျက်များကိုလည်း တစ်နှစ်ထက်တစ်နှစ် ပိုမိုခွဲဝေချထားပေးနေသည်ကို အသိပေးလိုပါကြောင်း။

ထို့အပြင် လူမှုဖူလုံရေးအဖွဲ့အနေဖြင့် ကျန်းမာရေးနှင့် လူမှုရေးစောင့်ရှောက်မှု အာမခံစနစ်များထားရှိ ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံ့ဝန်ထမ်းများအနေဖြင့်လည်း လူမှုဖူလုံရေးအဖွဲ့တွင် အဖွဲ့ဝင်ခြင်းဖြင့် လက်တွေ့ဘဝအတွက် ထိရောက်သည့် အကျိုးခံစားမှုများရရှိမည်ဖြစ်ပါကြောင်း၊ ပညာရေးကဏ္ဍတွင်လည်း ဝန်ထမ်းများ၏ သားသမီးများအပါအဝင် ကျောင်းသား ကျောင်းသူများအတွက် ၂၀၁၁-၂၀၁၂ ပညာသင်နှစ်မှ စတင်ကာ အခမဲ့မူလတန်း ပညာသင်ကြားရေးကိုလည်းကောင်း၊ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် အခမဲ့အလယ်တန်း ပညာသင်ကြားရေးကိုလည်းကောင်း၊ တစ်နိုင်ငံလုံးအတွက် ဆောင်ရွက်ပေးခဲ့ပြီး ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင်လည်း အခမဲ့အထက်တန်း ပညာသင်ကြားရေးကို ဆောင်ရွက်သွားဖို့ စီစဉ်ထားပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းက နိုင်ငံတော်၏ ဘဏ္ဍာရေးဆိုင်ရာ အချက်အလက်များနှင့် ငွေကြေးဂယက်ဆိုင်ရာ အခြေအနေများ၊ နိုင်ငံ့ဝန်ထမ်းများ၏ လစာငွေတိုးမြှင့်ရေးနှင့် သက်ဆိုင်သည့်ကိစ္စရပ်များနှင့် နောက်ဆက်တွဲ ရင်ဆိုင်လာရဖွယ်ရှိသည့် အကျပ်အတည်းများ၊ နိုင်ငံတော်၏ ကျန်းမာရေး၊ ပညာရေးဆိုင်ရာ ငွေကြေးသုံးစွဲမှု အခြေအနေများကိုလည်း ရှင်းလင်းတင်ပြသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ရှင်းက ပညာရေးကဏ္ဍနှင့်စပ်လျဉ်းသည့် ယူဆချက်များ၊ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်မှ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်များအတွင်း အခြေခံပညာရေးစနစ်အတွက် ကျခံသုံးစွဲခဲ့သည့် အသုံးစရိတ်ဆိုင်ရာများ၊ ပညာသင်နှစ်အလိုက် ကျောင်းထောက်ပံ့ကြေးငွေများ ထောက်ပံ့မှုအခြေအနေများ၊ ၂၀၁၅-၂၀၁၆ ပညာသင်နှစ် ဆရာဖြစ်သင်တန်းသားများ ထောက်ပံ့ကြေးငွေပေးအပ်နိုင်မှုအခြေအနေများ၊ တက္ကသိုလ်အဆင့်မြင့် ပညာသင်ဆုများပေးအပ်ခဲ့မှုအခြေအနေများအပေါ် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်သိန်းသိန်းဌေးက ကျန်းမာရေးအသုံးစရိတ်နှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ခြင်းဆိုင်ရာများ၊ အားလုံးအတွက် လွှမ်းခြုံသော ကျန်းမာရေးစောင့်ရှောက်မှုရရှိစေရန် အခွင့်အလမ်းများ၊ ကျန်းမာရေးဝန်ကြီးဌာန၏ နှစ်အလိုက် ကျန်းမာရေးဆိုင်ရာ အသုံးစရိတ်ခွင့်ပြုခြင်းဆိုင်ရာများ၊ ကျန်းမာရေးဝန်ကြီးဌာန၏ ရှေ့ဆက်လုပ်ဆောင်သွားမည့် ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဝန်ဆောင်မှုပိုင်းဆိုင်ရာ အစီအမံများ၊ ကျန်းမာရေးဦးစီးဌာန သာမန်အသုံးစရိတ်ခေါင်းစဉ်မှ ဆေးဝါးကုသစရိတ် ဘဏ္ဍာရေးနှစ်အလိုက် ခွင့်ပြုရန်ပုံငွေ စာရင်းအချက်အလက်များအပေါ် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်ဝင်းမော်ထွန်းက လူမှုဖူလုံရေးစီမံကိန်းစတင်ပေါ်ပေါက်လာပုံ၊ ရည်ရွယ်ချက်၊ လူမှုဖူလုံရေးအာမခံစနစ်များ၊ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေထည့်ဝင်ကြေးနှုန်းထားများ၊ လူမှုအကာအကွယ်ပေးရေးဆိုင်ရာ လုပ်ငန်းစဉ်များအပေါ် ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ဒီမိုကရေစီစနစ် ကျင့်သုံးသည့်နိုင်ငံများတွင် တက်လာသည့် အစိုးရအနေဖြင့် မူဝါဒများကို အောင်အောင်မြင်မြင် အကောင်အထည်ဖော်နိုင်ရန်မှာ စွမ်းဆောင်ရည်မြင့်မားသည့် ဝန်ထမ်းများရှိရမည်ဖြစ်ပါကြောင်း၊ ဝန်ထမ်းများ၏ ရာထူးတိုးမြှင့်ရေးကိစ္စများတွင် စွမ်းဆောင်ရည်အခြေပြု စီမံခန့်ခွဲမှုနှင့် ရလဒ်အခြေပြု စီမံခန့်ခွဲမှုကို ကျင့်သုံးသွားမည်ဖြစ်ပါကြောင်း၊ ပြုပြင်ပြောင်းလဲရေး၏ အနှစ်သာရမှာ နိုင်ငံ့ဝန်ထမ်းများ၏ အတွေးအခေါ် အယူအဆများ ပြောင်းလဲရန်ဖြစ်ပြီး ပြည်သူ့ဝန်ထမ်းများအနေဖြင့် မိမိတို့သည် ပြည်သူကို အလုပ်အကျွေးပြုရမည့်သူ၊ ပြည်သူ့ဆန္ဒ၊ ပြည်သူ့လိုအပ်ချက်များကို ဖြည့်ဆည်းပေးရမည့်သူများဖြစ်ကြောင်း ခံယူချက်ထားရှိပြီး ကြိုးစားလုပ်ဆောင်မှသာလျှင် ရလဒ်ကောင်းများ ရရှိလာမည်ဖြစ်ပါကြောင်း။

ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်တွင် နိုင်ငံ့ဝန်ထမ်းများသည် လက်တွေ့ပါဝင်အကောင်အထည်ဖော် ဆောင်ရွက်ရသူများဖြစ်သောကြောင့် မိမိတို့၏ ဆောင်ရွက်ချက်များသည် ပြည်သူများ၏ အကျိုးစီးပွားကို ဗဟိုပြုဆောင်ရွက်ကြရန်နှင့် ပြည်သူများနှင့် ဆက်ဆံရာတွင် မိမိတို့၏ မိသားစုများသဖွယ် သဘောထားကာ ပြေပြစ်သော ဆက်ဆံရေး၊ အကောင်းဆုံးသောဝန်ဆောင်မှုများ ပေးသွားကြရန်မှာကြားလိုပါကြောင်း၊ ဝန်ထမ်းများ၏ နောင်ရေး စိတ်အေးရမည့် လူတစ်ဦးချင်းအိမ်ရာပိုင်ဆိုင်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးစသည့် ကဏ္ဍများကိုလည်း နိုင်ငံတော်အစိုးရက ပိုမိုပြည့်စုံကောင်းမွန်စေရန် အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားရန် စီမံဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ပြောကြားခဲ့သည်။ **(သတင်းစဉ်)**

### ❖ နိုင်ငံရပ်ခြားမှ

အင်ဒိုနီးရှားနှင့် ထိုင်းနိုင်ငံတို့သည် နှစ်နိုင်ငံ ရေပိုင်နက်ကို မျှဝေသုံးစွဲလျက်ရှိရာ အင်ဒိုနီးရှား ရေပိုင်နက်အတွင်း လှည့်လည်သွားလာနေသော ထိုင်းငါးဖမ်းသင်္ဘောများသည် တရားဝင်မှတ်ပုံတင်ထားကြကြောင်း သိရှိရသည်။ သို့ရာတွင် သင်္ဘောပေါ်ရှိ မြန်မာရေလုပ်သားများအား ထိုင်းအမည်များဖြင့် ထိုင်းရေလုပ်သားကတ်များရရှိအောင် ဖန်တီးထားကြပြီး သက်ဆိုင်ရာအာဏာပိုင်များက စစ်ဆေးရာတွင် စာရွက်စာတမ်းများအရ တရားဝင်ဖြစ်အောင်စီမံထားကြသည့်အတွက် သင်္ဘောပေါ်ရှိ ခေါင်းပုံဖြတ်ခံရသူများကို ဖော်ထုတ်ရန်ခက်ခဲလျက်ရှိကြောင်း သိရသည်။

"တရားဝင်ထိုင်းမှတ်ပုံတင်ထားတဲ့ ထိုင်းနိုင်ငံပိုင်ရေယာဉ်က အင်ဒိုပိုင်နက်အတွင်းမှာငါးဖမ်းတယ်။ ထိုင်းနိုင်ငံရဲ့ တရားဝင်ရေလုပ်သားကတ်ကိုင်ဆောင်ထားတဲ့သူတွေထဲမှာ မြန်မာတွေလည်းပါတယ်။ ဒါပေမယ့် ဒီမြန်မာရေလုပ်သားတွေကို ထိုင်းအမည်နဲ့ ထိုင်းလူမျိုးလိုမျိုး မှတ်ပုံတင်ထားတယ်။ ဒီမှတ်ပုံတင်တွေက ထိုင်းနိုင်ငံရဲ့တရားဝင်ထုတ်ပေးတဲ့ဟာတွေ။ သူတို့ဘယ်လိုနည်းနဲ့ လုပ်ထားလဲဆိုတာတော့ ကျွန်တော်တို့ လက်လှမ်းမမီလို့မသိနိုင်ဘူး။ မှတ်ပုံတင်၊ ရေလုပ်သားကတ်အကုန်လုံးက တရားဝင်တွေ၊ သင်္ဘောရဲ့ အထောက်အထားတွေရော တရားဝင်ပဲ။ အဲဒီတော့ဆိပ်ကမ်းအာဏာပိုင်၊ တာဝန်ရှိသူတွေကစစ်တယ်။ တရားဝင်ပုံစံဖြစ်နေတော့ အင်ဒိုဘက်ကရော ထိုင်းဘက်ကပါ သံသယမရှိဘူး။ ဒါပေမယ့် အဲဒီထိုင်းလူမျိုးကတ်နဲ့ မြန်မာရေလုပ်သားတွေက လုပ်ခမရဘူး၊ နှိပ်စက်ခံရတယ်ဆိုတဲ့ အဖြစ်တွေက အခုဒီနှစ်ပိုင်းမှာ အများကြီးပေါ်လာတယ်။ အဲဒီမှာတချို့က ထွက်ပြေးကြတယ်။ ကမ်းကပ်တဲ့အချိန်မှာ ထွက်ပြေးကြတယ်။ အင်ဒိုနီးရှားရဲ့ အန်ဗွန်ကျွန်းတစ်ဝိုက်မှာ ထွက်ပြေးမှုအများဆုံးဖြစ်ကြတယ်။ တစ်ခုကောင်းတာက အင်ဒိုနီးရှားဘက်က ပူးပေါင်းဆောင်ရွက်မှုကောင်းပါတယ်။ မလုပ်နိုင်လို့ ထွက်ပြေးတဲ့ရေလုပ်သားတွေ အင်ဒိုလဝကမှာအဖမ်းခံရတဲ့အခါ အင်ဒိုနီးရှားဘက်က မြန်မာသံရုံးကနေတစ်ဆင့် မြန်မာနိုင်ငံဘက်ကို ပြန်ပို့ပေးတယ်။



ဒုတိယရဲမှူးကြီး သက်နောင်။

အခုနောက်ပိုင်းမှာ ဒီလိုဖြစ်ရပ်တွေက အရမ်းများလာပါတယ်။ ထိုင်းကလည်း အလေးထားလာတယ်။ အကြောင်းကတော့ အမေရိကန်ကနှစ်စဉ်ထုတ်ပြန်တဲ့ အစီရင်ခံစာစာရင်းမှာ ထိုင်းကို ရေလုပ်ငန်းမှာ လုပ်အားခေါင်းပုံဖြတ်တယ်လို့ ဖော်ပြထားတယ်။ ထိုင်းနိုင်ငံရဲ့အဓိကလုပ်ငန်းက ရေထွက်ပစ္စည်းတွေ တင်ပို့တဲ့လုပ်ငန်းဖြစ်လို့ ဒီနေရာမှာ ရေလုပ်သားတွေအပေါ် လုပ်ငန်း ခေါင်းပုံဖြတ်မှုတွေများတယ်လို့ အမေရိကန်ကစွပ်စွဲပြီး အဆင့်သတ်မှတ်ချက်အနိမ့်ဆုံးကို ပို့လိုက်တယ်။ အဲဒီအခါမှာ ထိုင်းနိုင်ငံဘက်ကလည်း ဒီလို ခေါင်းပုံဖြတ်မှုပြဿနာတွေအပေါ် စိတ်ဝင်စားမှုတွေရှိလာတယ်။ အဲဒီမှာ ဒီအမှုတွေပေါ်လာတယ်။ နောက်ပိုင်းကျရင်တော့ ရေလုပ်ငန်းနဲ့ပတ်သက်ပြီး ထိုင်းနိုင်ငံဘက်က တရားဝင်အလုပ်သမားခေါ်စာတွေပို့မယ်။ တရားဝင်ပူးပေါင်းလုပ်ဆောင်ကြဖို့အတွက် နှစ်နိုင်ငံအလုပ်သမားဝန်ကြီးဌာနတွေ ညှိနှိုင်းနေတာတွေရှိလာပါတယ်။ ထိုင်းနိုင်ငံမှာ အလုပ်လုပ်ကိုင်နေတဲ့ မြန်မာလုပ်သားတွေ အများကြီးရှိတယ်။ ရေလုပ်သားတွေလည်းပါတယ်။ အခုထိုင်းနိုင်ငံဘက်က မြန်မာနိုင်ငံသားစစ်မှန်ကြောင်း အတည်ပြုချက်တွေ စစ်ဆေးပြီး တရားဝင်အလုပ်သမားမှတ်ပုံတင်ကတ်တွေ ထုတ်ပေးဖို့ စီစဉ်ဆောင်ရွက်နေတာတွေ ရှိလာပါတယ်။ ဒါပေမယ့် ပြီးခဲ့တဲ့မြန်မာ-ထိုင်း အလုပ်သမားအစည်းအဝေးမှာ သိရတာက ပထမပြောခဲ့တုန်းက မြန်မာလုပ်သားများနဲ့ တွေ့ဆုံစစ်ဆေးမယ်ပြောတယ်။ အခုကျအလုပ်ရှင်တွေ ဆီကရတဲ့အချက်အလက်ကို ကြည့်ပြီးဆောင်ရွက်တယ်ပြောတယ်။ အခုထိုင်းနိုင်ငံမှာလည်း ရေလုပ်သားကာကွယ်စောင့်ရှောက်ရေး ဥပဒေမူကြမ်းကိုရေးဆွဲပြီးသွားပြီလို့ သိရပါတယ်။ ရေလုပ်သားတွေကို သောက်သုံးရေ၊ အစားအစာ၊ ကျန်းမာရေးစောင့်ရှောက်မှု၊ လုပ်ငန်းသုံး ပစ္စည်းကိရိယာတွေကို ကျွမ်းကျင်အောင် သင်တန်းတွေပေးရမယ်။ အဓိကကတော့ အလုပ်သမားအခွင့်အရေး၊ လူ့အခွင့်အရေးရအောင် ကူညီမယ့်အချက်တွေပါမယ်လို့သိရပါတယ်။ ဒါကတော့ ကောင်းတဲ့အလားအလာပါ။ ဒါပေမယ့် လောလောဆယ်မှာတော့ မြန်မာတွေကတော့ ရေပိုင်နက်အတွင်းမှာ ခေါင်းပုံဖြတ်ခံရမှုတွေရှိနေပါတယ်" ဟု လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးကြီးသက်နောင်ကပြောကြားသည်။

ထိုင်းနိုင်ငံရောက် မြန်မာရေလုပ်သားများတွင် ရေလုပ်ငန်းလုပ်ကိုင်လိုသူ ကျွမ်းကျင်လုပ်သားများ သွားရောက်လုပ်ကိုင်ခြင်းနှင့် အကြောင်းအမျိုးမျိုးကြောင့် ထိုင်းနိုင်ငံသို့ ရောက်ရှိပြီး ငါးဖမ်းသင်္ဘောပေါ်သို့ သွားရောက်လုပ်ကိုင်ကြခြင်းလည်းရှိကြသည်။ မိသားစု စားဝတ်နေရေးအတွက် သွားရောက်လုပ်ကိုင်ကြသူများအနေဖြင့် မိမိတို့၏အန္တရာယ်ကို ကြိုတင်နားလည်၍ ကာကွယ်ရေးသတိများအစဉ်ရှိနေကြရန် လိုအပ်သည်။

"အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံရပ်ခြားကို အလုပ်သွားလုပ်တော့မယ်ဆိုရင် ကိုယ့်မိသားစု၊ သူငယ်ချင်းမိတ်ဆွေ၊ ယုံကြည်စိတ်ချရမယ့်လူကို ကိုယ့်ရဲ့ရောက်ရှိတဲ့နေရာ၊ လုပ်ရမယ့်အလုပ်ကို အကြောင်းကြားထားသင့်ပါတယ်။ ထိုင်းလိုနိုင်ငံမျိုးဆိုရင် ဖုန်းတွေအင်မတန်ပေါပါတယ်။ မိသားစု စားဝတ်နေရေးအတွက် ငွေရှာဖို့ထွက်လာတဲ့သူကို ငွေကုန်အောင်ဖုန်းဝယ်ခိုင်းတာတော့ မဟုတ်ပါဘူး။ ဝန်ထုပ်ဝန်ပိုးဖြစ်အောင်ပြောတာမဟုတ်ပါဘူး။ ဒါပေမယ့် အကြောင်းတစ်စုံတစ်ရာကြုံခဲ့ရင် ဆက်သွယ်ရမယ့်နည်းလမ်းတစ်ခုခုတော့ ရှာထားသင့်ပါတယ်။ ကိုယ်ယုံကြည်စိတ်ချရတဲ့သူကို လှမ်းဆက်သွယ်ထားတာမျိုးပေါ့။ ဥပမာ- ရေလုပ်ငန်းစက်ရုံတစ်ခု၊ ရေယာဉ်တစ်ခုကိုရောက်ပြီဆိုရင် ဖြစ်နိုင်ရင် ဓာတ်ပုံမှတ်တမ်းလေးတင်ထားသင့်တယ်။ အချက်အလက်လေးတွေ စက်ရုံ၊ သင်္ဘောရဲ့ နာမည်၊ မှတ်ပုံတင်အချက်လေးတွေပေါ့။ ပြီးရင်ကိုယ်ယုံကြည်ရတဲ့သူကို ဖုန်းဆက်တာပဲဖြစ်ဖြစ်၊ မက်ဆေ့ချ်ပို့တာပဲဖြစ်ဖြစ်၊ စာပို့တာပဲဖြစ်ဖြစ် ဆက်သွယ်ပေးပို့ ထားသင့်ပါတယ်။ မိမိနဲ့အဆက်အသွယ်ပြတ်တောက်သွားခဲ့ရင် တာဝန်ရှိသူတွေကို ဆက်သွယ်နိုင်ဖို့ သဲလွန်စလေးတွေ ပို့ပေးထားတဲ့အခါ တကယ်လို့များ မိမိအခက်အခဲနဲ့ကြုံခဲ့ရရင် အထောက်အကူကြီးကြီးမားမားဖြစ်နိုင်ပါတယ်။ တချို့အလုပ်ရှင်တွေက ဖုန်းသိမ်းတာတို့ရှိတယ်လို့ ကြားဖူးတာတွေရှိတယ်။ ကျွန်တော်တို့ဘက်ကကျတော့ ကြားရတဲ့သတင်းတွေအပေါ်ကြည့်ပြီး ကိုယ်စွမ်းရှိသလောက်ပြောရတာကိုး။ တကယ့်အလုပ်ခွင်ထဲ ရောက်နေတဲ့သူတွေကျတော့ မျက်မြင်အခြေအနေပေါ်မူတည်ပြီး ကိုယ့်ကိုယ်ကိုယ်ဘယ်လိုကာကွယ်ရမလဲဆိုတာ ကြိုပြီး စဉ်းစားထားသင့်ပါတယ်။ ပြီးခဲ့တဲ့ ထိုင်း-မြန်မာ အလုပ်သမားအစည်းအဝေးတုန်းက ထိုင်းဘက်ကပေးထားတဲ့ ထိုင်းလဝကရဲ့ Hot Line နံပါတ်-၁၁၇၈ နဲ့ အလုပ်သမားဝန်ကြီးဌာနရဲ့ မြန်မာလိုဖြေကြားပေးမယ့် Hot Line နံပါတ်-၁၆၉၄ တို့ကိုကြိုတင်မှတ်သားထားသင့်ပါတယ်" ဟု ဒုတိယရဲမှူးကြီးသက်နောင်က ဆက်လက်ပြောကြားသည်။

အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံရပ်ခြားတွင် စွန့်စားသွားလာလုပ်ကိုင်ဆောင်ရွက်ကြရသူ မြန်မာလုပ်သားများအနေဖြင့် မိမိ၏ဘေးအန္တရာယ်ကို ကာကွယ်နိုင်မည့်နည်းလမ်းများကို လေ့လာထားပြီး အခက်အခဲတစ်စုံတစ်ရာနှင့် ကြုံတွေ့လာပါက တာဝန်ရှိသူများကို အချိန်အခါ မရွေး ဆက်သွယ်အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။

# တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းမှုအဖွဲ့ တောင်းဆိုချက် (၄)ချက်အပေါ် မူအားဖြင့်သဘောတူညီမှုရ

**ရန်ကုန် ဒီဇင်ဘာ ၂၃**

ပြည်ထောင်စု ငြိမ်းချမ်းရေး ဖော်ဆောင်ရေး လုပ်ငန်းကော်မတီ (UPWC) နှင့် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းမှုအဖွဲ့ (NCCT) တို့မှ နည်းပညာပိုင်းဆိုင်ရာ တာဝန်ယူသူများ ဒီဇင်ဘာ ၂၃ ရက်က ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ ငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေး လုပ်ငန်းဗဟိုဌာန (MPC) ၌ ဆက်လက်ပြုလုပ်ခဲ့သည့် တွေ့ဆုံဆွေးနွေးပွဲတွင် (NCCT) မှ တောင်းဆိုထားသည့် ဆက်လက်ဆွေးနွေးရန် ကျန်ရှိနေသော အချက်သုံးချက်အား မူအားဖြင့် သဘောတူညီမှု ရရှိခဲ့ကြောင်း UPWC ၏ နည်းပညာအထောက်အကူပြုအဖွဲ့မှ ဦးလှမောင်ရွှေထံမှ သိရသည်။

ပထမနေ့ ဆွေးနွေးပွဲအပြီး ဆက်လက်ဆွေးနွေးရန် ကျန်ရှိသည့် ခေါင်းစဉ်များဖြစ်သော (၁)လိုင်ဇာကဲ့သို့သော ကိစ္စရပ်များ ထပ်မံပေါ်ပေါက်ခြင်း မရှိစေရန်အတွက် နှစ်ဖက်ခေါင်းဆောင်များအနေဖြင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်သွားရန်၊ (၂) ခုနစ်ကြိမ်မြောက် တွေ့ဆုံဆွေးနွေးပွဲမှ စတင်၍ နှစ်ဖက်တွေ့ဆုံဆွေးနွေးပွဲတိုင်းတွင် နိုင်ငံတကာ လေ့လာသူများထားရှိရန်နှင့် ဩဂုတ်လအတွင်းက သဘောတူညီခဲ့သည့် ပူးပေါင်းစောင့်ကြည့်ရေး (Joint Monitoring) နှင့် (၃) နှစ်ဖက်တပ်မှူး တပ်သားများ လိုက်နာရမည့် (Military Code of Conduct) ကိစ္စရပ်များအတွက် နှစ်ဖက်လုပ်ငန်းအဖွဲ့ တွေ့ဆုံဆွေးနွေးရန် စသည့်အချက်များကို မူအားဖြင့် နှစ်ဖက်ကိုယ်စားလှယ်များမှ သဘောတူညီခဲ့ခြင်းဖြစ်သည်။

ဒီဇင်ဘာ ၂၂ ရက်က ပြုလုပ်ခဲ့သော ဆွေးနွေးပွဲတွင် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးစာချုပ် စတုတ္ထမူကြမ်း ဆွေးနွေးရန် ကျန်ရှိနေသည့် အချက်များအား အပြီးသတ်ဆွေးနွေးနိုင်ခဲ့သည်။

လာမည့် နှစ်ဖက်ဆွေးနွေးပွဲများတွင် နိုင်ငံတကာ စောင့်ကြည့်လေ့လာသူ ထားရှိရေးအချက်နှင့် ပတ်သက်ပြီး UPWC ၏ နည်းပညာအထောက်အကူပြုအဖွဲ့မှ ဦးလှမောင်ရွှေက "အစိုးရဘက်က နိုင်ငံတကာက ဘယ်အဖွဲ့အစည်းကိုမှ လေ့လာသူအဖြစ် ဖိတ်ကြားခဲ့တာမျိုး မရှိဘူး။ တိုင်းရင်းသားတွေဘက်က တောင်းဆိုခဲ့တာတွေရှိတယ်။ အစိုးရဘက်က နေပြီး တိုင်းရင်းသားတွေ ယုံကြည်စိတ်ချမှုရအောင် သူတို့တောင်းဆိုခဲ့တဲ့ UN နဲ့ တရုတ်ကို လက်ခံပေးခဲ့ရတယ်။ အခုလည်း တိုင်းရင်းသားတွေဘက်က တောင်းဆိုတဲ့အတွက် ညှိနှိုင်းပြီး ဆောင်ရွက်ပေးမယ် ပြောခဲ့တယ်။ တိုင်းရင်းသားတွေ တောင်းဆိုတဲ့ PDSG ဆိုတာ Peace Donor Support Group ကို ပြောတာ။ အဲ့ဒီထဲမှာ EU၊ UN၊ ဩစတြေးလျနဲ့ USAID တို့လို အစုံပါတယ်။ အဲဒီထဲကမှ သင့်တင့်တဲ့ အဖွဲ့ကို လက်ခံပေးဖို့ဆိုတဲ့ သဘောပါပဲ"ဟု ပြောသည်။

ယနေ့ တွေ့ဆုံဆွေးနွေးမှုများအား တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး ဆိုင်ရာညှိနှိုင်းမှုအဖွဲ့ (NCCT) အနေဖြင့် လာမည့် ဒီဇင်ဘာ ၂၆ ရက်တွင် ထိုင်းနိုင်ငံချင်းမိုင်မြို့၌ NCCT ခေါင်းဆောင်များအား နည်းပညာအထောက်အကူပြုအဖွဲ့၏ ဆွေးနွေးခဲ့မှုများကို အတည်ပြုနိုင်ရန် တင်ပြသွားမည်ဖြစ်ကြောင်း NCCT အဖွဲ့ဝင်ဗိုလ်မှူးကြီးခွန်ဥက္ကာထံမှ သိရသည်။

ပြည်ထောင်စု ငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC) နှင့် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းမှုအဖွဲ့ (NCCT) တို့၏ သတ္တမအကြိမ်မြောက်ဆွေးနွေးပွဲအား ၂၀၁၅ ဇန်နဝါရီ ၁၅ ရက်တွင် ဆွေးနွေးနိုင်ရန်နှင့် ယင်းဆွေးနွေးပွဲ၌ ရလဒ်ကောင်းများရရှိပါက ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျရောက်မည့် ပြည်ထောင်စုနေ့မတိုင်မီ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးစာချုပ် (NCA) ကို လက်မှတ်ရေးထိုးနိုင်ရန် ဆန္ဒပြုကြောင်း UPWC ၏ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ၎င်း၏ အဖွင့်နှုတ်ခွန်းဆက်စကားတွင် ထည့်သွင်းပြောကြားခဲ့သည်။

NCCT ၏ ဒုတိယအဖွဲ့ခေါင်းဆောင် ပဒိုစောကွယ်ထူးဝင်းကလည်း NCCT အဖွဲ့အနေဖြင့်လည်း အမြန်ဆုံး NCA ကို ရေးထိုးလိုပါကြောင်း နှင့် ၂၀၁၅ ဖေဖော်ဝါရီ ၁၂ ရက် "ပြည်ထောင်စုနေ့"ကို တစ်နိုင်ငံလုံး အပစ်အခတ် ရပ်စဲရေးစနစ် (NCA) လက်မှတ်ရေးထိုးနိုင်မည့်နေ့အဖြစ် ရည်မှန်းဆောင်ရွက်နိုင်ရန် NCCT ကိုယ်စားလှယ်အနေဖြင့် မြင်တွေ့လိုပါသည်"ဟု အဆိုပါဆွေးနွေးပွဲ၌ ပြောကြားခဲ့သည်။ **(ရဲခေါင်ညွန့်၊ မြတ်သန္တာမောင်။ ဓာတ်ပုံ-ဖိုးထောင်)**



**○ကျောဖုံးမှ**

၃။ နှစ်ဖက်ယုံကြည်မှုတည်ဆောက်ပြီး တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်အပေါ် ဆွေးနွေးညှိနှိုင်းနေစဉ်ကာလအတွင်း မလိုလားအပ်သောကိစ္စရပ်များ ထပ်မံမပေါ်ပေါက်ရေးအတွက် ပူးတွဲဖြေရှင်းဆောင်ရွက်သွားကြရန် သဘောတူသည်။

၄။ ပြည်သူလူထုတစ်ရပ်လုံး မျှော်လင့်စောင့်စားနေကြသည့် ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းစဉ်ကို တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ သဘောတူညီချက် ရယူရေးလုပ်ငန်း၊ နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ မူဘောင်ရေးဆွဲရေးလုပ်ငန်း၊ နိုင်ငံရေးဆွေးနွေးပွဲကျင်းပခြင်းလုပ်ငန်းများမှတစ်ဆင့် အမြန်ဆုံးအောင်မြင်ပြီးမြောက်အောင် ဆောင်ရွက်ကြမည်ဖြစ်ကြောင်း နှစ်ဖက်သဘောတူသည်။

၅။ နောက်တစ်ကြိမ် နှစ်ဖက်ဆွေးနွေးပွဲကို ၂၀၁၅ ခုနှစ် ဇန်နဝါရီလ လယ်ပိုင်းတွင် ပြန်လည်ကျင်းပရန် နှစ်ဖက်မှ သဘောတူကြပါသည်။

**(သတင်းစဉ်)**

**❖ ၂၀၁၅ မှ**

ဩဂုတ် ၂၂ ရက်မှ စက်တင်ဘာ ၄ ရက်အထိ အာဆီယံဖူဆယ် ချန်ပီယံရှစ်ပြိုင်ပွဲကို အောက်တိုဘာ ၈ ရက်မှ ၁၈ ရက်အထိ အင်ဒိုနီးရှား နိုင်ငံတွင် ကျင်းပသွားမည်ဖြစ်သည်။ ထို့ပြင် အာရှဘောလုံးအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပမည့် အာရှယူ-၂၃ အမျိုးသားခြေစစ်ပွဲ၊ ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲ အာရှဇုန်ပထမအဆင့် ခြေစစ်ပွဲ၊ အိုလံပစ်အမျိုးသမီး ဘောလုံးပြိုင်ပွဲ အာရှဇုန် ပထမအဆင့် ခြေစစ်ပွဲတို့ကို ကျင်းပရန် ရှိနေသည်။ ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲကိုလည်း မေလနှင့် ဇွန်လအတွင်း၌ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲများ၊ ခြေစစ်ပွဲများကို မြန်မာအသင်းများ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အခြားဖိတ်ခေါ်ပြိုင်ပွဲများလည်း ယှဉ်ပြိုင်ရန်ရှိနေသည်။ အဆိုပါပြိုင်ပွဲများ ယှဉ်ပြိုင်ရန်အတွက် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း၊ အမျိုးသားသက်တမ်းအလိုက် လူငယ်လက်ရွေးစင်အသင်းများမှာ အသင်းများဖွဲ့စည်းကာ လေ့ကျင့်လျက်ရှိပြီး မြန်မာယူ-၂၃ အသင်းကိုလည်း မကြာမီ ဖွဲ့စည်းရန် ရှိနေသည်။ ထို့ပြင် ဇွန်လအတွင်း၌ (၂၈)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကို စင်ကာပူနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပရန်ရှိနေပြီး အမျိုးသားဘောလုံး ဖူဆယ်အသင်းများသာ ယှဉ်ပြိုင်မည်ဖြစ်သည်။

မကြာမီကုန်ဆုံးတော့မည့် ၂၀၁၄ ခုနှစ်အတွင်း၌ မြန်မာ့ဘောလုံး အနေအထားကို ပြန်ကြည့်လျှင် မြန်မာယူ-၁၉ အသင်း ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲ ဝင်ခွင့်ရရှိခဲ့ခြင်းက အအောင်မြင်ဆုံးဖြစ်ခဲ့သည်။ မြန်မာယူ-၁၉ အသင်းနှင့် မြန်မာ့လက်ရွေးစင်အသင်းတို့ ဖိတ်ခေါ်ပြိုင်ပွဲများတွင် ချန်ပီယံဆုရရှိခဲ့သော်လည်း အဓိကပြိုင်ပွဲများဖြစ်သည့် ဆူဇူကီးဖလားပြိုင်ပွဲ၊ အာဆီယံယူ-၁၉ ပြိုင်ပွဲတို့တွင် အောင်မြင်မှုမရခဲ့ပေ။ ၂၀၁၅ ခုနှစ်အတွင်း၌ ဆီးဂိမ်းပြိုင်ပွဲ အပါအဝင် နိုင်ငံတကာပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်ရှိနေရာ မြန်မာဘောလုံးအသင်းများ အဓိကပြိုင်ပွဲများတွင် အောင်မြင်မှုရရှိရန် ပရိသတ်အားလုံးက မျှော်လင့်နေကြသည်။

## ကျေးဇူးတင်ပန်ကြားလွှာ

စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၄/၁၅/၁၆/၁၇/၁၈/၁၉) ကျောင်းဆင်းများမှ စုစည်းပြီး မိမိတို့အား ပညာသင်ကြားပေးခဲ့ကြသော အနန္တောအနန္တဂိုဏ်းဝင် ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများ(၁၁၃)ယောက်တို့ကို မိမိတို့ချွေးနည်းစာများမှ သဒ္ဓါတရား ထက်သန်စွာ စုဆောင်းထည့်ဝင်လျက် တတ်စွမ်းနိုင်သမျှဖြင့် ၂၀-၁၂-၂၀၁၄ရက်တွင် ရန်ကုန်မြို့၊ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျောင်းဆင်းတပည့်(၃၀၀)ကျော်မှ ပူဇော်ကန်တော့ခဲ့ကြပြီးဖြစ်ပါသည်။ အဆိုပါ အာစရိယပူဇော်ပွဲတွင် တစ်စုံတစ်ရာဧည့်ဝတ်မကျေပွန်မှုများ၊ အဆင်မပြေ မချောမွေ့မှုများရှိခဲ့ပါက သည်းခံနားလည် ခွင့်လွှတ်ပေးကြပါရန် ကျောင်းဆင်းတပည့်များကိုယ်စား ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများသို့ နူးညွတ်စွာ တောင်းပန်အပ်ပါသည်။ ဤကဲ့သို့ အာစရိယပူဇော်ပွဲအားလည်း နှစ်စဉ်နှစ်တိုင်း ဆက်လက်ကျင်းပသွားမည်ဖြစ်ပါကြောင်း ကြိုတင်အသိပေးအပ်ပါသည်။ ကျင်းပခဲ့ပြီးသော အာစရိယပူဇော်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်အောင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြပါသော ကျောင်းဆင်းညီအစ်ကိုများအားလုံးနှင့် ကျေးဇူးတင်ထိုက်သူအားလုံးအား တစ်ဦးတစ်ယောက်မကျန် ကျေးဇူးတင်ရှိအပ်ပါကြောင်း ဖော်ပြအပ်ပါသည်။

အာစရိယပူဇော်ပွဲကျင်းပရေးကော်မတီနှင့်
စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၄/၁၅/၁၆/၁၇/၁၈/၁၉)
ကျောင်းဆင်းတပည့်များ

နိုင်ငံ့တာဝန် ကျေပွန်ဖို့ရေး
ကျသင့်အခွန် မှန်မှန်ပေး



# မြန်မာနိုင်ငံတက္ကသိုလ်အားကစားအဖွဲ့ ပြန်လည်ရောက်ရှိ ငွေသုံး၊ ကြေး ၁၀ ဆွတ်ခူးရရှိ

ခင် ချို ဝင်း

အင်ဒိုနီးရှားနိုင်ငံ ပါလီဘန်မြို့၌ ဒီဇင်ဘာ ၈ရက်မှ ၂၁ ရက်အထိ အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲကို ကျင်းပခဲ့သည်။ အဆိုပါပြိုင်ပွဲ၌ မြန်မာနိုင်ငံတက္ကသိုလ်များ အားကစားအဖွဲ့သည် ဘောလုံး၊ ပိုက်ကျော်ခြင်း၊ ပြေးခုန်ပစ်၊ စစ်တုရင်၊ ရေကူး၊ ကြက်တောင်၊ ကရာတေးဒို၊ တိုက်ကွမ်ဒိုနှင့် ဝူရှူးအားကစားပြိုင်ပွဲတို့တွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။



ဒေါက်တာလှတင့်



မင်းဟိန်းခန့်



သဇင်အေး

ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် မြန်မာနိုင်ငံတက္ကသိုလ်အားကစားအဖွဲ့သည် ငွေတံဆိပ် သုံးခု၊ ကြေးတံဆိပ် ၁၀ ခု ရရှိခဲ့သည့် အသင်းအုပ်ချုပ်သူ အပါအဝင် အားကစားအဖွဲ့အဝင်များသည် ဒီဇင်ဘာ ၂၃ရက် ညနေ ၃ နာရီခန့်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့သည်။ မြန်မာနိုင်ငံ တက္ကသိုလ်များ အားကစားအဖွဲ့၏ အားကစားပြိုင်ပွဲ အတွေ့အကြုံများကို မြန်မာ့သတင်းစဉ်အဖွဲ့က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ တွေ့ဆုံမေးမြန်းခဲ့ပါသည်။

**ဒေါက်တာလှတင့်(ပါမောက္ခချုပ် ရန်ကုန်အဝေးသင်တက္ကသိုလ်) မြန်မာနိုင်ငံ တက္ကသိုလ်များ အားကစားအဖွဲ့ခေါင်းဆောင်**

ဒီပြိုင်ပွဲမှာ ASEAN ၁၀ နိုင်ငံနဲ့ တီမောလက်စ်တေနိုင်ငံတို့မှ အားကစားသမား စုစုပေါင်း ၂၀၃၈ ဦး ယှဉ်ပြိုင်ကြတယ်။ အများဆုံးက အင်ဒိုနီးရှား၊ ဒုတိယအများဆုံးက ထိုင်း၊မလေးရှား၊ လာအို၊ ဖိလစ်ပိုင်လည်း များပါတယ်။ ကျွန်တော်တို့နိုင်ငံက ဒီနှစ်မှာ ယောကျ်ားလေး ၆၀၊ မိန်းကလေး ၂၁ ဦး စုစုပေါင်း ၈၁ ဦး ယှဉ်ပြိုင်ပါတယ်။ (၁၆)ကြိမ်မြောက်တုန်းက ၆၀ ပဲ ပြိုင်ပါတယ်။ (၁၅)ကြိမ်တုန်းက ၄၀ ကျော်လောက်ပဲ ပြိုင်တယ်။ ဒီနှစ်ကတော့ အရေအတွက် ပိုများပြီးတော့ ပြိုင်တယ်။ အခု (၁၇)ကြိမ်မြောက် ပြိုင်ပွဲမှာ အားကစားအမျိုးအစားပေါင်း ၂၀ ထည့်သွင်းကျင်းပတယ်။ ကျွန်တော်တို့က ကိုးမျိုးဝင်ပြိုင်တယ်။ ဆုရတာ လေးမျိုးဆုရတယ်။ ဝူရှူးဆိုရင် လေးဦးပြိုင်တာ လေးဦးစလုံး ဆုတံဆိပ်ရတော့ ရာခိုင်နှုန်းပြည့် ဆုရတယ်။ ငွေ တစ်ခု၊ ကြေး သုံးခု ရပါတယ်။ ကရာတေးမှာ ယောကျ်ားလေး ငါးဦး၊ မိန်းကလေး နှစ်ဦးပြိုင်တော့ လေးဦးဆုရပါတယ်။ ငွေနှစ်ခုနဲ့ကြေးနှစ်ခုရတယ်။ ပိုက်ကျော်ခြင်းမှာ ယောကျ်ားလေးအသင်း၊ မိန်းကလေးအသင်း စုစုပေါင်း ၁၇ ဦး ယှဉ်ပြိုင်ကြတဲ့အခါ နှစ်ယောက်တွဲမှာ ယောကျ်ားလေး၊ မိန်းကလေး ကြေးနှစ်ခုရခဲ့တယ်။ ပြေးခုန်ပစ်မှာ ကြေးသုံးခုရတယ်။ ဒီတစ်ခေါက်ပြိုင်ပွဲမှာ စုစုပေါင်း ငွေသုံးခုနဲ့ကြေး ၁၀ ခု ရှိခဲ့တယ်။

၂၀၁၂ လာအိုမှာ ယှဉ်ပြိုင်တုန်းက ဆုတံဆိပ်သုံးခုပဲ ရခဲ့ပါတယ်။ ၂၀၁၀ ချင်းမိုင်မှာ ယှဉ်ပြိုင်တုန်းက ဆုတံဆိပ်သုံးခုပဲ ရခဲ့ပါတယ်။ ပြန်တွက်ကြည့်လို့ရှိရင် တစ်နှစ်ထက် တစ်နှစ် တိုးတက်လာပါတယ်။

**မင်းဟိန်းခန့် (နည်းပညာတက္ကသိုလ်-သန်လျင်)**

အာဆီယံတက္ကသိုလ်များပြိုင်ပွဲမှာ ကရာတေးဒိုတစ်ဦးချင်း ခတပြိုင်ပွဲမှာ ကြေး တံဆိပ်ဆုနဲ့ အသင်းလိုက် ခတမှာ ငွေတံဆိပ်ဆုရရှိခဲ့ပါတယ်။ ဒီပြိုင်ပွဲမှာ လာရောက်ယှဉ်ပြိုင်တာ တက္ကသိုလ်ကျောင်းသားလို့သာ ပြောတာ တခြားအသင်းနိုင်ငံ မလေးရှား၊ ထိုင်း၊ အင်ဒိုနီးရှားတို့က ဆီးဂိမ်းတွေ၊ အာရှဂိမ်း၊ World Cup တွေမှာ ပြိုင်နေတဲ့ National Team တွေ အကုန်လာကြတာဆိုတော့ တော်တော်လေး အခက်အခက် ရှိခဲ့ပါတယ်။ ဒီလိုဆုတံဆိပ်ရတော့ ဝမ်းသာပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ နိုင်ငံအတွက် လိုအပ်နေတဲ့ ရွှေတံဆိပ်ဆု မရယူပေးနိုင်တဲ့အတွက် စိတ်မကောင်းပါဘူး။

**သဇင်အေး (လှိုင်ကော်တက္ကသိုလ်)**

ကျွန်မကတော့ ကရာတေးဒို ခတပြိုင်ပွဲမှာ ကြေးတံဆိပ်ဆုရရှိခဲ့တယ်။ ပြိုင်ပွဲဆိုတော့ အနိုင်အရှုံးကတော့ ရှိတာပေါ့။ ဒါကို သိပ်စိတ်ထဲမထားပဲနဲ့ အကောင်းဆုံး ယှဉ်ပြိုင်မယ်ဆိုတဲ့စိတ်နဲ့ ယှဉ်ပြိုင်ခဲ့တာ ဖြစ်ပါတယ်။

အဆိုပါ တက္ကသိုလ်အားကစားအဖွဲ့ဝင်များအား ဒီဇင်ဘာ ၂၃ ရက် ညပိုင်းတွင် ရန်ကုန်မြို့ အင်လျားလမ်းရှိ ရွှေရှမ်းကန်စားသောက်ဆိုင်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

မြန်မာနိုင်ငံ တက္ကသိုလ်များ အားကစားအဖွဲ့နှစ်စဉ်သွားရောက်ယှဉ်ပြိုင်မှုနှင့် လေ့ကျင့်မှု ကုန်ကျစရိတ်အားလုံးကို ဝေမိသားစု ကျောက်မျက်ရတနာကုမ္ပဏီမှ ပံ့ပိုးကူညီခဲ့ကြောင်း သိရသည်။



(၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်နှင့် ဗိုလ်ရှုသဘင်အခမ်းအနားကျင်းပမည့် အဆောက်အအုံ ပြင်ဆင်ထားမှုအား ဒီဇင်ဘာ ၂၃ ရက်က တွေ့ရစဉ်။ သန်းဦး(လေးမျက်နှာ)

## (၁၇) ကြိမ်မြောက်အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲ၌ မြန်မာနိုင်ငံတက္ကသိုလ်များအားကစားအဖွဲ့ ဆုတံဆိပ်ရရှိမှုအခြေအနေ

| အားကစားအမည် | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|
| ဝူရှူး | - | ၁ | ၃ | ၄ |
| ကရာတေးဒို | - | ၂ | ၂ | ၄ |
| ပိုက်ကျော်ခြင်း | - | - | ၂ | ၂ |
| ပြေးခုန်ပစ် | - | - | ၃ | ၃ |
| စုစုပေါင်း | - | ၃ | ၁၀ | ၁၃ |

# အပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွား

**တာချီလိတ် ဒီဇင်ဘာ ၂၃**

တာချီလိတ်မြို့ ဆန်ဆိုင်း(ခ) ရပ်ကွက်တွင် ဒီဇင်ဘာ ၂၃ ရက် နံနက် ၅ နာရီခန့်က လျှပ်စစ်အသုံးပြုပြီး ဘုရားမီးပူဇော်ထားရှိရာ လျှပ်စစ်ဝါယာကြိုးအပူလွန်ကဲရာမှတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့သည်။

မီးလောင်မှုဖြစ်ပွားရာသို့ တာချီလိတ် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းနှင့် တာဝန်ရှိသူများ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးအောင်ကျော်နိုင် ဦးဆောင်သည့် သန္တေနှင့်အရန်မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်သုံးစီးဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ကြရာ နံနက် ၅ နာရီ ၄၅ မိနစ်ခန့်တွင် မီးငြိမ်းသွားပြီး လူနှင့်တိရစ္ဆာန်များ တစ်စုံတစ်ရာထိခိုက်မှုမရှိခဲ့ကြောင်း၊ နေအိမ်မီးလောင်သည့်ဖြစ်စဉ်နှင့်ပတ်သက်၍ အဆိုပါနေအိမ်တွင် နေထိုင်သူ ဒေါ်နန်းနွတ်နွတ်အား တာချီလိတ်မြို့မ ရဲစခန်းက မီးပေါ့ဆစွာ အသုံးပြုမှုဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ဒီဇင်ဘာ ၂၀ ရက်ကလည်း တာချီလိတ်မြို့နယ် တာလေ့ရပ်ကွက်အတွင်း၌ ဘုရားမီးပူဇော်ထားရှိသည့် လျှပ်စစ်မီးကြိုးမှတစ်ဆင့် ဝါယာရှော့ခ်ဖြစ်ကာ မီးလောင်မှုဖြစ်စဉ်တစ်ခုဖြစ်ပွားခဲ့ရာ ယခုဖြစ်စဉ်အပါအဝင် ၂၀၁၄ ခုနှစ် အတွင်း တာချီလိတ်မြို့နယ်၌ မီးလောင်မှု ခုနစ်ကြိမ်ဖြစ်ပွားခဲ့ကြောင်း သိရသည်။


(မောင်ယဉ်ကျေး)



## မြန်မာ့ရုပ်မြင်သံကြား ထုတ်လွှင့်မှုအစီအစဉ်

၂၄-၁၂-၂၀၁၄ (ဗုဒ္ဓဟူးနေ့)

- ၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၁း၀၀ မြန်မာဗီဒီယိုဇာတ်လမ်း "ဖြတ်သန်းသွားလာခွင့်မရှိ" (မင်းမော်ကွန်း၊ အိန္ဒြာကျော်ဇင်) (ဒါရိုက်တာ-မိုက်တီး)
- ၆း၂၀ ၂၀၁၃ ခုနှစ် အကယ်ဒမီ ထူးချွန်ဆုအတွက် ကြိုးပမ်းအားထုတ်မှုများ (Road To Academy-2013) (part-3&4)
- ၆း၃၅ ရွှေရင်ခုန်သံ
- ၇း၀၀ ပြည်တွင်းသတင်း
- ၇း၂၀ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဂုဏ်ပြုဇာတ်လမ်း "အချိန်တိုင်းနေရာတိုင်း" (အပိုင်း-၁၅)
- ၈း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၈း၃၅ ပြည်သူတို့ရဲ့စကားသံများ













## မန်းရွှေစက်တော်ဘုရားပွဲတော်ကျင်းပမည်

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူး(စကု)မြို့နယ်၊ မန်းရွှေစက်တော်ဘုရားကြီး၊ ဗုဒ္ဓပူဇနိယပွဲတော်ကို ၂၄-၁-၂၀၁၅ရက်(၁၃၇၆ခုနှစ်၊ တပို့တွဲလဆန်း ၅ရက်)မှ ၁၇-၄-၂၀၁၅ရက်(၁၃၇၇ခုနှစ်၊ မြန်မာနှစ်ဆန်း ၁ရက်)အထိ (၈၄)ရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်ပါသည်။

ပွဲတော်ကာလအတွင်း တင်ဒါလုပ်ငန်း လုပ်ကိုင်ခွင့်များကို ၂၀-၁၂-၂၀၁၄ရက်မှ ၃၀-၁၂-၂၀၁၄ရက်အထိ မင်းဘူးမြို့ဂေါပကရုံးတွင် ရုံးချိန်အတွင်း သတ်မှတ်ပုံစံဖြင့် လျှောက်ထားနိုင်ပါသည်။

တည်းခိုဆောင်လုပ်ငန်းလုပ်ကိုင်ခွင့်များကိုဒေသတွင်းမှ လုပ်ငန်းလုပ်ကိုင်လိုသူများသည် ၂၀-၁၂-၂၀၁၄ရက်မှ ၃၀-၁၂-၂၀၁၄ရက် ကာလအတွင်း မင်းဘူးမြို့ဂေါပကအဖွဲ့ရုံးသို့ လာရောက်စုံစမ်း၍ သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ညီညွတ်ပါက လျှောက်ထား နိုင်ပါသည်။

ဈေးဆိုင်ခန်းရောင်းချရန်အတွက် ၂၀၁၄ခုနှစ် ပွဲတော်ကာလအထိ ဈေးဆိုင်ရောင်းချဖူးသူများသည် ယခင်နှစ်(၂၀၁၄)ခုနှစ်၏ အထောက်အထားများပူးတွဲလျက် ၂၀-၁၂-၂၀၁၄ရက်မှ ၂၇-၁၂-၂၀၁၄ရက်အထိ ကာလအတွင်း ဂေါပကအဖွဲ့၏ သတ်မှတ်ပုံစံဖြင့် လျှောက်ထားနိုင်ပါသည်။ ဈေးဆိုင်ခန်းအဖြစ် ခွင့်ပြုပါက ၎င်းနေရာအား တည်းခိုဆောင်အဖြစ်ဆောင်ရွက်ခွင့်/အသုံးပြုခွင့် လုံးဝခွင့်မပြုပါကြောင်း ကြိုတင်အသိပေးကြေညာအပ်ပါသည်။

(ဆိုင်ခန်းအသစ်များ တိုးချဲ့နိုင်ခြင်းမရှိပါသဖြင့် ယခင်ကရောင်းချဖူးခြင်းမရှိသူများ၏ ဆိုင်ခန်းရောင်းချခွင့် လျှောက်လွှာများ လက်ခံခြင်းမပြုနိုင်ပါကြောင်း လေးစားစွာအသိပေးကြေညာအပ်ပါသည်။)

အခြားသိရှိလိုပါက မင်းဘူးမြို့ မန်းရွှေစက်တော်ဘုရားဂေါပကအဖွဲ့ရုံးသို့လာရောက် စုံစမ်းမေးမြန်းနိုင်ပါသည်။

**မန်းရွှေစက်တော်ဘုရားဂေါပကအဖွဲ့၊ မင်းဘူးမြို့**

# “ပထမ”နေရာမှ (၃)နှစ်ဆက် ဝင်ငွေခွန်အများဆုံး ထမ်းဆောင်သော အခွန်ထမ်း KBZ BANK ဥက္ကဋ္ဌအတွက် ဂုဏ်ယူဝမ်းမြောက်ခြင်း

အစိုးရသစ်လက်ထက်

၂၀၁၀-၂၀၁၁ခုနှစ်တွင် နိုင်ငံတော်အတွက် အခွန်ငွေကျပ် သန်းပေါင်း ၆,၀၁၅.၃၉၇ သန်း ပေးဆောင်ပြီး တစ်နိုင်ငံလုံးတွင် ဝင်ငွေခွန် “ပထမ” ရရှိသဖြင့်

- နိုင်ငံတော်သမ္မတ၏ “နိုင်ငံ့ဂုဏ်ဆောင်ရည်ဆု”
  (နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာတာဝန်အများဆုံး သယ်ပိုးထမ်းဆောင်ခဲ့သည့်လုပ်ငန်းရှင်ဆု “ပထမဆု”) ကိုလည်းကောင်း

၂၀၁၁-၂၀၁၂ခုနှစ်တွင် နိုင်ငံတော်အတွက် အခွန်ငွေကျပ် သန်းပေါင်း ၁၀,၈၂၇.၇၀ သန်း ပေးဆောင်ပြီး တစ်နိုင်ငံလုံးတွင် ဝင်ငွေခွန် “ပထမ” ရရှိသဖြင့်

- နိုင်ငံတော်သမ္မတ၏ “အထူးဂုဏ်ထူးဆောင် နိုင်ငံ့ဂုဏ်ဆောင်ရည်ဆု”
  (နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာတာဝန်အများဆုံး သယ်ပိုးထမ်းဆောင်ခဲ့သည့်လုပ်ငန်းရှင်ဆု “ပထမဆု”) ကိုလည်းကောင်း

၂၀၁၂-၂၀၁၃ခုနှစ်တွင် နိုင်ငံတော်အတွက် အခွန်ငွေကျပ် သန်းပေါင်း ၁၇,၀၁၀.၃၇ သန်း ပေးဆောင်ပြီး၊ တစ်နိုင်ငံလုံးတွင် ဝင်ငွေခွန် အများဆုံးပေးဆောင်ခဲ့သောကြောင့် “ပထမ” ထပ်မံရရှိကြောင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ(၂၂)ရက်နေ့ သတင်းထုတ်ပြန်ကြေငြာချက်အရ သိရှိရပါသဖြင့် တတိယအကြိမ် ကျင်းပပြုလုပ်မည့် ဆုပေးအပ်ချီးမြှင့်ပွဲတွင်

- နိုင်ငံတော်သမ္မတ၏ “(၃)ထပ်ကွမ်း နိုင်ငံ့ဂုဏ်ဆောင်ရည်ဆု”

(သို့မဟုတ်)

- နိုင်ငံတော်သမ္မတ၏ “(၂)ထပ်ကွမ်း အထူးဂုဏ်ထူးဆောင် နိုင်ငံ့ဂုဏ်ဆောင်ရည်ဆု”များ ထပ်မံရရှိနိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းအပ်ပါသည်။

ဒေါက်တာအောင်ကျော်ဝင်း+ဒေါက်တာသက်သက်နိုင်

ရွှေနန်းတော်စိန်ရွှေရတနာဆိုင်

Golden Palace Gold & Jewelry Collection Manufacturing Co., Ltd.
Jewelry Business Entity
United GP Development by Golden Palace @68 Residence
Jewel Collection Manufacturing Co., Ltd.

# ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနကြေညာချက်

ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ၂၀၁၃-၂၀၁၄ စည်းကြပ်နှစ် ၃၁-၃-၂၀၁၄ ရက်နောက်ပိုင်း ဝင်ငွေခွန်အများဆုံးထမ်းဆောင်သူ လုပ်ငန်းရှင်(၁၇၇)ဦး၏စာရင်းအား ထုတ်ပြန်ကြေညာခြင်းဖြစ်ပါသည်။ အဆိုပါလုပ်ငန်းရှင် (၁၇၇)ဦးအနက် လုပ်ငန်းရှင်(၁၀၀)ဦး၏ အမည်စာရင်းအား အောက်ပါအတိုင်း ကြေညာအပ်ပါသည်။ ကျန်လုပ်ငန်းရှင် (၇၇)ဦး၏စာရင်းများအား ပြည်တွင်းအခွန်များဦးစီးဌာန Website ဖြစ်သည့် www.irdmyanmar.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး ပြည်တွင်းအခွန်များဦးစီးဌာန၊ ကုမ္ပဏီများဆိုင်ရာအခွန်ရုံး၊ တိုင်းဒေသကြီး/ပြည်နယ်အခွန်ဦးစီးဌာနမှူးရုံးများ၊ အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(ရန်ကုန်နှင့် မန္တလေး)များတွင် ကြေညာထားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

## ၂၀၁၃-၂၀၁၄ စည်းကြပ်နှစ် ၃၁-၃-၂၀၁၄ ရက်နေ့နောက်ပိုင်း ဝင်ငွေခွန်အများဆုံး ထမ်းဆောင်သည့်လုပ်ငန်းရှင်(၁၀၀)ဦးစာရင်း

**၂၀၁၃-၂၀၁၄ စည်းကြပ်နှစ် ၃၁-၃-၂၀၁၄ ရက် နောက်ပိုင်း ဝင်ငွေခွန် အများဆုံးပေးဆောင်သူ မြန်မာလုပ်ငန်းရှင်/ကုမ္ပဏီများစာရင်း**

| စဉ် | ဝင်ငွေ | ဦးရေ |
|---|---|---|
| ၁ | သန်း ၈၀၀၀ အထက် | - |
| ၂ | သန်း ၅၀၀၀ အောက် | - |
| ၃ | သန်း ၄၀၀၀ အောက် | - |
| ၄ | သန်း ၃၀၀၀ အောက် | - |
| ၅ | သန်း ၂၀၀၀ အောက် | ၂ ဦး |
| ၆ | သန်း ၁၀၀၀ အောက် | - |
| ၇ | သန်း ၉၀၀ အောက် | - |
| ၈ | သန်း ၈၀၀ အောက် | - |
| ၉ | သန်း ၇၀၀ အောက် | - |
| ၁၀ | သန်း ၆၀၀ အောက် | ၁ ဦး |
| ၁၁ | သန်း ၅၀၀ အောက် | - |
| ၁၂ | သန်း ၄၀၀ အောက် | ၃ ဦး |
| ၁၃ | သန်း ၃၀၀ အောက် | ၄ ဦး |
| ၁၄ | သန်း ၂၀၀ အောက် | ၁၄ ဦး |
| ၁၅ | သန်း ၁၀၀ အောက် | ၁၈ ဦး |
| ၁၆ | သန်း ၅၀ အောက် | ၁၃၅ ဦး |
| | စုစုပေါင်း | ၁၇၇ ဦး |

### ၂၀၁၃-၂၀၁၄ စည်းကြပ်နှစ်၊ ၃၁-၃-၂၀၁၄ ရက်နောက်ပိုင်း ဝင်ငွေခွန် အများဆုံးပေးဆောင်သူ မြန်မာလုပ်ငန်းရှင်/ကုမ္ပဏီများစာရင်း

| စဉ် | အခွန်ထမ်းအမည် | လိပ်စာ | တိုင်းဒေသကြီး/ပြည်နယ် | လုပ်ငန်းအမျိုးအစား | မှတ်ချက် |
|---|---|---|---|---|---|
| | **သန်း ၂၀၀၀ အောက်** | | | | |
| 1 | Information Technology Central Services Co.,Ltd | အမှတ် ၆၊ R2/၊ မြန်မာအင်ဖိုတက်၊ လှိုင်တက္ကသိုလ်ဝင်း၊လှိုင်မြို့နယ်။ | CCTO | Services | 2.6.2014 |
| 2 | Associate of Civil Engineering Con; Group Co.,Ltd | အမှတ် ၁၅၃၊ သန်လျင် တံတားရိပ်သာ၊သာကေတမြို့နယ်။ | CCTO | Construction | 11.6.2014 |
| | **သန်း ၆၀၀ အောက်** | | | | |
| 3 | Moe Htet Gabar Co.,Ltd | အခန်း၁၀၁၊ လမ်းမတော်တာဝါ၊ လမ်းမတော်မြို့နယ်။ | CCTO | Trading | 29.5.2014 |
| | **သန်း ၄၀၀ အောက်** | | | | |
| 4 | Moon Rays Co.,Ltd | အမှတ် ၂၉/၉၊ ရတနာလမ်း၊ သဃ်္ဃန်းကျွန်းမြို့နယ်။ | CCTO | Trading | 24.4.2014 |
| 5 | Soe Aung & Brothers Co.,Ltd | အမှတ် ၁၅၆၊ အောဘီ၊ လမ်း ၃၀၊ ပန်းဘဲတန်းမြို့နယ် | CCTO | Trading | 23.5.2014 |
| 6 | Silver Harvest Construction Co.,Ltd | အမှတ် ၁၈၉/၁၉၁၊ ဗိုလ်မြတ်ထွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ် | CCTO | Trading | 15.8.2014 |
| | **သန်း ၃၀၀ အောက်** | | | | |
| 7 | Eden Energy & Natural Resources Development Co.,Ltd | အမှတ် ၁၉၊ ရွှေပုန်းညက်ရိပ်မွန် ဘုရင့်နောင်လမ်း၊ ကမာရွတ်မြို့နယ်။ | CCTO | Production | 13.2.2014 |
| 8 | Moe Thet Co.,Ltd | အမှတ် ၄/ဒီ-၂၊ ဗောဓိရိပ်သာလမ်း၊ ဗဟန်းမြို့နယ် | CCTO | Trading | 10.6.2014 |
| 9 | National Development Co Group Ltd | အမှတ် ၃/က၊ ဝေဇယန္တာလမ်း နှင့်သံသုမာလမ်းထောင့်၊ သုဝဏ္ဏ၊ သဃ်္ဃန်းကျွန်းမြို့နယ်။ | CCTO | Services | 21.5.2014 |
| 10 | Bu Ga Co.,Ltd | အမှတ် ၁၂၀/၁၂၁/၁၂၂၊ ဝေဇယန္တာလမ်း၊ သဃ်္ဃန်းကျွန်းမြို့နယ်။ | CCTO | Production | 29.5.2014 |
| | **သန်း ၂၀၀ အောက်** | | | | |
| 11. | Yangon Trading Co.,Ltd | အမှတ် ၂၅၊ အခန်း ၈၀၂၊ ဓမ္မစေတီလမ်း၊ စမ်းချောင်းမြို့နယ်။ | CCTO | Trading | 29.5.2014 |
| 12 | Arkar Oo Co.,Ltd | အမှတ် ၁၂၄၊ ဝက်မစွတ် ဝန်ထောက်လမ်း၊ စက်မှုဇုန် ၄၊ လှိုင်သာယာမြို့နယ်။ | CCTO | Trading | 30.5.2014 |
| 13 | Mya Yar Myay Trading Co.,Ltd | အမှတ် ၃၉-အေ၊ ပထမထပ်၊ သီရိလမ်း၊ မရမ်းကုန်းမြို့နယ်။ | CCTO | Trading | 27.5.2014 |
| 14 | Pinnacle House Co.,Ltd | အမှတ် ၀၁၀၃၊ ဒဂုံတာဝါ၊ ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်။ | CCTO | Construction | 18.6.2014 |
| 15 | Diamond Century Co.,Ltd | အမှတ် ၂၈၊ လသာလမ်း၊ လသာမြို့နယ်။ | CCTO | Trading | 29.5.2014 |
| 16 | Lucre Wood Co.,Ltd | အမှတ် ၃၉/၄၀၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ဗဟိုစည်အိမ်ရာ၊ လမ်းမတော်မြို့နယ်။ | CCTO | Trading | 30.7.2014 |
| 17 | Deco Land Co.,Ltd | အမှတ် ၃/စီ၊ ၉-ရပ်ကွက်၊ ဦးထွန်းညိုလမ်း၊ လှိုင်သာယာမြို့နယ်။ | CCTO | Trading | 29.5.2014 |
| 18 | Main International Trading Co.,Ltd | အမှတ် ၁၄၅-၄၊ ဦးမြလမ်း၊ စက်မှုဇုန်(၃)၊ လှိုင်သာယာမြို့နယ်။ | CCTO | Trading | 29.5.2014 |
| 19 | Khetan Co.,Ltd | အမှတ် ၆၃၆၊ ကုန်သည်လမ်း၊ ပန်းဘဲတန်းမြို့နယ်။ | CCTO | Trading | 29.4.2014 |
| 20 | AA Electronic Co.,Ltd | အမှတ် ၄၁၈/၄၁၀၊ မဟာဗန္ဓုလလမ်း၊ ကျောက်တံတားမြို့နယ်။ | CCTO | Trading | 3.6.2014 |
| 21 | May Yu Mar ine Product Co.,Ltd | အမှတ် ၅၂၅၊ မေယုလမ်း၊ စက်မှုဇုန်(၁)၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်။ | CCTO | Industrial/ Production | 30.5.2014 |
| 22 | Textile Handwork Co.,Ltd | အမှတ် ၉၊ ဖန်ချက်ဝန်ဦးရွှေအိုးလမ်း၊ စက်မှုဇုန်၊ ရွှေပြည်သာမြို့နယ်။ | CCTO | CMP | 30.5.2014 |
| 23 | Bright Time Trading Co.,Ltd | အမှတ် ၂၀၃၊ ခနသီဟတာဝါ၊ လမ်းမတော်မြို့နယ်။ | CCTO | Trading | 16.7.2014 |
| 24 | Aung Gyi Trading Co.,Ltd | အမှတ် ၁၅၃၊ မောင်သန်းလမ်း၊ ရွှေလင်ဗန်းစက်မှုဇုန်မြို့တော်၊ လှိုင်သာယာမြို့နယ်။ | CCTO | Trading | 11.4.2014 |
| | **သန်း ၁၀၀ အောက်** | | | | |
| 25 | AAR Co.,Ltd | အမှတ် ၁၃၈၊ ရွှေတိဂုံဘုရားလမ်း၊ ပန်းဘဲတန်းမြို့နယ်။ | CCTO | Trading | 30.5.2014 |
| 26 | Myanmar Rice Trading Co.,Ltd | အမှတ် ၁၈၊ နဝဒေးလမ်း၊ လှိုင်သာယာမြို့နယ်။ | CCTO | Trading | 3.4.2014 |
| 27 | Bravo World Trading Co.,Ltd | အမှတ် ၁၈၊ ရတနာမွန် ၂ လမ်း၊ အေးရိပ်မွန်အိမ်ရာ၊ ၅ ရပ်ကွက်၊ လှိုင်မြို့နယ်။ | CCTO | Trading | 18.8.2014 |
| 28 | AAA Co.,Ltd | ၇၆ အနော်ရထာလမ်း၊ ၅၄ လမ်း၊ ပုဇွန်တောင်မြို့နယ်။ | CCTO | Trading | 0-5-2014 |
| 29 | Handard Smile Co.,Ltd | ၄၂၊ မြေညီ၊ လသာလမ်း၊ လသာမြို့နယ်။ | CCTO | - | 29-5-2014 |
| 30 | Shwe Yee Min Co.,Ltd | အမှတ် ၁၁၆/၇၊ တက္ကသိုလ်ရိပ်သာလမ်း၊ ကမာရွတ်မြို့နယ်။ | CCTO | Trading | 29.5.2014 |
| 31 | Poe Thiri Kyaw Co.,Ltd | အမှတ် ၂၉၊ မြေညီထပ်၊ အောင်တော်မူလမ်း၊ စမ်းချောင်းမြို့နယ်။ | CCTO | Trading | 10.6.2014 |
| 32 | Grand Wynn Enterprise Co.,Ltd | အမှတ် ၄၀၊ ၆၁ လမ်း၊ ဗိုလ်တထောင်မြို့နယ်။ | CCTO | Trading | 24.4.2014 |
